# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


### လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်၊ သောကြာနေ့။ Friday, 14 July 2023 ၁၁၁၅၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ စွမ်းအားပြည့်ဆောင်ရွက်ပြီး ထုတ်ကုန်များတိုးတက်အောင်ထုတ်လုပ်နိုင်ပါက တိုင်းပြည်ဝင်ငွေပိုမိုရရှိမည်ဖြစ်သည့်အပြင် နိုင်ငံခြားဝင်ငွေလိုအပ်ချက်လည်း အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းပေးနိုင်မည်

# ကုန်ထုတ်လုပ်မှုတိုးတက်အောင် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၁၃**

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၃/၂၀၂၃)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ကြသည်။

**ရှေ့လုပ်ငန်းစဉ်(၅)ရပ်ချမှတ်ဆောင်ရွက်လျက်ရှိ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ထမ်းဆောင်မှု နှစ်နှစ်ပြည့်ပြီးနောက်ပိုင်း အရေးပေါ်သက်တမ်းကာလ ခြောက်လတိုးပြီးသည့်အချိန်တွင် ရှေ့လုပ်ငန်းစဉ်(၅)ရပ် ပြင်ဆင်ချမှတ်ဆောင်ရွက်ခဲ့ပြီး ၎င်းတို့သည် နိုင်ငံ၏ အဓိကဆောင်ရွက်ရမည့် အရေးကြီးလုပ်ငန်းများဖြစ်ကြောင်း၊ အဆိုပါ ရှေ့လုပ်ငန်းစဉ်များကို အစိုးရအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰

**ယနေ့ ဖတ်စရာ**

**မိုခါမုန်တိုင်းကာလအလွန် ရခိုင်ပြည်နယ်ရှိ မြို့နယ်များအားလုံးကို နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်**

စာမျက်နှာ » ၄

**မမေ့နိုင်ဖွယ်ရာ ဇူလိုင်လရဲ့ သမိုင်းသင်ခန်းစာ**

ဆောင်းပါး

စာမျက်နှာ » ၆



**မိုခါမုန်တိုင်းနှင့်စပ်လျဉ်း၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ**



တွေ့ဆုံမေးမြန်း

စာမျက်နှာ » ၁၁

ကြေးမုံ

# စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်သို့

ကမ္ဘာကြီးတွင်နေထိုင်ကြသောလူဦးရေသည် အရှိန်အဟုန်ဖြင့် တိုးပွားလျက်ရှိသည်။ ကမ္ဘာ့လူဦးရေတိုးပွားမှုသည် သန်းတစ်ထောင်မှ သန်းနှစ်ထောင်တိုးပွားရန် နှစ်ပေါင်း ၁၂၀ ကျော်ကြာခဲ့သည်။ သန်းနှစ်ထောင်မှ သန်းသုံးထောင် တိုးပွားရန် နှစ်ပေါင်း ၃၀ ကျော်ကြာပြီး ယခုအခါ သန်းတစ်ထောင်တိုးပွားရန် ဆယ်စုနှစ်တစ်ခုကျော်သာ ကြာမြင့်တော့သည်။ ကမ္ဘာ့လူဦးရေသည် သန်းပေါင်းရှစ်ထောင်ပြည့်ပြီဟု ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ကုလသမဂ္ဂက အသိပေးထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံ၏လူဦးရေသည် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ခန့်မှန်းတွက်ချက်မှုအရ ၅၁ ဒသမ ၇ သန်းကျော်ရှိခဲ့ပြီး ၂၀၃၀ ပြည့်နှစ်တွင် ၅၉ ဒသမ ၃ သန်းကျော် ခန့်ရှိမည်ဟု ခန့်မှန်းထားသည်။ မြန်မာနိုင်ငံအနေဖြင့် လက်ရှိအချိန်ကာလတွင် နိုင်ငံတကာနှင့် နှိုင်းယှဉ်ပါက လူဦးရေဆုလာဘ်ကို ရရှိနေချိန်ဖြစ်သည်။ နိုင်ငံ၏အချိုးအစားနှင့် တိုးပွားလာသောလူဦးရေသည် မျှတကောင်းမွန်သည့်အနေအထားတွင်ရှိသည်။ ထို့ကြောင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများတွင် လူငယ်လူရွယ်များ၏စွမ်းအားနှင့် အမျိုးသမီးများ၏အင်အားကို ထိရောက်စွာ အသုံးချရန်လိုအပ်မည်ဖြစ်သည်။ အနာဂတ်တွင် သက်ကြီးရွယ်အိုလူဦးရေ များပြားလာမည်ဖြစ်၍ လူမှုကာကွယ်စောင့်ရှောက်ရေးစနစ် အားကောင်းလာစေရန်နှင့် သက်ကြီးရွယ်အိုများအား သင့်တင့်လျောက်ပတ်သည့်အလုပ်အကိုင်များ ဖန်တီးပေးနိုင်ရန် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်သည်။

ကမ္ဘာကြီးတွင် လူဦးရေအလျင်အမြန်တိုးပွားလာခြင်းသည် လူအများစု၏ ကျန်းမာရေး၊ အစာအာဟာရ၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ဆေးဝါးများ တိုးတက်ကောင်းမွန်လာခြင်းကြောင့် လူ့သက်တမ်းများ ပိုမိုရှည်လာကြခြင်းဖြစ်သည်။ တစ်ဖက်တွင် နိုင်ငံအများစု၌ တန်းတူညီမျှမှုမရှိခြင်း၊ ဆင်းရဲချမ်းသာကွာဟမှုများပြားလာခြင်း၊ စားရေရိက္ခာမပြည့်စုံခြင်း၊ ရေရှားပါးပြတ်လပ်ခြင်း၊ အလုပ်အကိုင်ရှားပါးခြင်းနှင့် ဥတုရာသီပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်လာသည့်အန္တရာယ်အမျိုးမျိုးတို့ကို ခံစားနေကြရသည်။ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများတွင် မွေးဖွားနှုန်းကျဆင်းခြင်းကြောင့် လုပ်သားအင်အားရှားပါးပြီး သက်ကြီးရွယ်အိုများ တိုးပွားလာသည့်အခြေအနေများ ရင်ဆိုင်နေရသည်။ ဖွံ့ဖြိုးမှုနှေးကွေးသည့်နိုင်ငံများတွင် လူဦးရေတိုးပွားနှုန်း မြန်ဆန်လာသဖြင့် လူတို့နေ့စဉ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ရုန်းကန်နေကြရသည်။

ထို့ကြောင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ကမ္ဘာမြေကိုကာကွယ်ရေးနှင့် လူသားအားလုံး၏ဘဝနှင့် မျှော်လင့်ချက်များ တိုးတက်ကောင်းမွန်လာစေရန် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အရေးယူဆောင်ရွက်နိုင်ရန် "စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ"ကို ကုလသမဂ္ဂက ရေးဆွဲပြဋ္ဌာန်းဆောင်ရွက်လျက်ရှိသည်။ အဆိုပါပန်းတိုင်များကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ၂၀၃၀ ပြည့်နှစ်တွင် ပြည့်မီအောင်ဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။ မြန်မာနိုင်ငံအနေဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များကို ပါဝင်အကောင်အထည်ဖော်ပြီး လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများတွင် ဟန်ချက်ညီညီဖွံ့ဖြိုးလာအောင် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် နိုင်ငံငြိမ်းချမ်းပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုဖြစ်စေရေး ရည်မှန်းပြီး "မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း"ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များသို့ ရောက်ရှိနိုင်ရေးအတွက် လူငယ်ရေးရာမူဝါဒ၊ မြန်မာ့ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒ စသည့်မူဝါဒများ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည့်အပြင် ကျား-မ တန်းတူညီမျှမှုရှိစေရေး အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ၏ လုပ်ပိုင်ခွင့်နှင့် အခွင့်အရေးများကို ဖော်ဆောင်ပေးနိုင်ရန် ပန်းတိုင် (၅) ကို ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ဖိအားပေးနှောင့်ယှက်မှုများ၊ အခက်အခဲအကျပ်အတည်းများ၊ စိန်ခေါ်မှုများကြားမှ လူဦးရေဆိုင်ရာ တိုးတက်ပြောင်းလဲလာမှုများကို အခွင့်အလမ်းများအဖြစ် ပြောင်းလဲဖော်ဆောင်ကြရမည်ဖြစ်သည်။

စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စဉ်ဆက်မပြတ်တိုးပွားနေသည့် လူဦးရေဆိုင်ရာကိန်းဂဏန်းအချက်အလက်များ မှန်ကန်ရန်လိုအပ်သဖြင့် ၁၀ နှစ်တစ်ကြိမ် မဖြစ်မနေဆောင်ရွက်ရသည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေး အကြိုစမ်းသပ်ဆောင်ရွက်မှုကို ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ကောက်ယူမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူမည်ဖြစ်သည်။ သို့ဖြစ်ရာ အရေးကြီးသည့် လူဦးရေနှင့် အိမ်အကြောင်းအရာဆိုင်ရာအချက်များကို မှန်ကန်စွာကောက်ယူပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ အောင်မြင်စွာအကောင်အထည်ပေါ်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်ရငွေပမာဏ၏ ၅၀ ရာခိုင်နှုန်းကိုသာ မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန် ပြင်ဆင်သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အမိန့်ကြော်ငြာစာအမှတ် ၁၅ /၂၀၂၃
၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၁ ရက်
(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၉၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာအား ထုတ်ပြန်လိုက်သည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပို့ကုန်တင်ပို့သူများ ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၆၅ ရာခိုင်နှုန်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂)ပါ သတ်မှတ်ညွှန်ကြားချက်များအတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန် ဖြစ်ကြောင်း(၅-၈-၂၀၂၂)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၃၆/၂၀၂၂)ဖြင့် သတ်မှတ်ခဲ့ပါသည်။

၃။ ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၆၅ ရာခိုင်နှုန်းအစား ၅၀ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ်(၁၂/၂၀၂၂)ပါ သတ်မှတ်ညွှန်ကြားချက်များအတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြင်ဆင်သတ်မှတ်ပါသည်။

၄။ ဤအမိန့်ကြော်ငြာစာသည် ထုတ်ပြန်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

၅။ ဤအမိန့်ကြော်ငြာစာအား လိုက်နာခြင်းမရှိပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ အရေးယူခြင်းခံရမည်။

သန်းသန်းဆွေ
ဥက္ကဋ္ဌ

## ခရမ်းမြို့နယ်၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

ခရမ်း ဇူလိုင် ၁၃

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက် ၁၁ နာရီက ခရမ်းမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း စိန်ရတုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီဆွေက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းဝေက အသိပညာပေးဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သန်းက နိုင်ငံသားတစ်ဦး၏ ရပိုင်ခွင့်၊ အခွင့်အရေး၊ နိုင်ငံသားကတ်/မိသားစုသန်းခေါင်စာရင်းနှင့် Eid ကတ် ဆောင်ရွက်ပေးနေမှုများ၊ မြို့နယ်စားသုံးသူရေးရာ



ဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်ကျော့ကေခိုင်က စားသုံးသူရေးရာ အကာအကွယ်ပေးရေးဆိုင်ရာ အခွင့်အရေးများ၊ တားမြစ်ကုန်ပစ္စည်းများအကြောင်း၊ ခရမ်းမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာန မြို့နယ်အားကစားမှူး ဒေါ်မြတ်လေးနွယ်က လူငယ်နှင့် အားကစားခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။ ခရမ်း(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၃-၇-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၁၀၀ | ၈,၁၀၀ | ၂၁၀ | ၁,၇၀၁,၀၀၀ |
| MTSH | ၂,၈၅၀ | ၂,၈၀၀ | ၁,၀၂၉ | ၂,၉၂၇,၉၀၀ |
| MCB | ၇,၃၀၀ | ၇,၃၀၀ | ၁၀ | ၇၃,၀၀၀ |
| FPB | ၁,၅၅၀ | ၁,၅၅၀ | ၄,၀၈၉ | ၆,၃၃၇,၉၅၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၀ | ၀ |
| EFR | ၂,၄၅၀ | ၂,၄၅၀ | ၀ | ၀ |
| AMATA | ၅,၀၀၀ | ၄,၈၀၀ | ၂၆၈ | ၁,၂၉၀,၄၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၁၂,၆၅၉ | ၂၁,၉၇၈,၂၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**☆ ရှေ့ဖုံးမှ**

အဆိုပါ ရှေ့လုပ်ငန်းစဉ်တွင် အရေးကြီးဆုံး အချက်မှာ ပြည်သူတို့၏ လူမှု စီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စု တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်ဟူသည့် အချက်ဖြစ်ကြောင်း၊ ရှေ့လုပ်ငန်းစဉ်များ အနက် နောက်ဆုံးအချက်သည် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဟူသည့် အချက်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ပထမဆုံးအချက်ကို အလေးထား အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ထို့ပြင် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် အပြစ်မဲ့ပြည်သူ၊ နိုင်ငံ့ဝန်ထမ်းနှင့် သာသနာ့နွယ်ဝင်များစွာ ထိခိုက်သေဆုံးမှုများရှိခဲ့ကြောင်း၊ ထို့ကြောင့် အရေးပေါ်အခြေအနေနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရန် လိုအပ်နေသေးသဖြင့် အရေးပေါ်ကာလကို တိုးမြှင့်ဆောင်ရွက်ရန် ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ ယခုနှစ်အတွင်း ဇူလိုင် ၁၁ ရက်အထိ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှု ၄၈၉ ကြိမ်ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၇၈၂ ဦးရှိခဲ့ကြောင်း၊ အကြမ်းဖက်ဖြစ်စဉ်များ လျော့သွားသော်လည်း ဆက်လက်ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်၍ အပြည့်အဝ ဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်သွားမည်ဆိုသည့်အချက်တွင် အကောင်အထည်ဖော်နိုင်ရန်အတွက် လိုအပ်ချက်များရှိနေသေးသည်ကို တွေ့ရှိရကြောင်း။

အကြမ်းဖက်မှု ဖြစ်စဉ်များတွင် အဆိုးဆုံးမှာ စစ်ကိုင်းတိုင်း၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့ ဖြစ်ကြကြောင်း၊ ထို့ကြောင့်မိမိတို့အနေဖြင့် ပြည်သူ့လုံခြုံရေးအတွက် ယခုထက်ပိုမိုဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ လုံခြုံရေးတာဝန်ထမ်းဆောင်ချိန်အတွင်း၌လည်း ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ထိခိုက်သေဆုံးမှုအချို့ ဖြစ်ပေါ်ခဲ့ကြောင်း။

**မိုခါမုန်တိုင်းတိုက်ခတ်ခဲ့မှု**

မေ ၁၄ ရက်တွင် တိုက်ခတ်ခဲ့သည့် မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ငွေကျပ် ၅၂၂ဘီလီယံဖိုးခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပျက်စီးဆုံးရှုံးမှုများ ပြန်လည်ပြုပြင်ရန်အတွက် နိုင်ငံတော်အစိုးရနှင့် ပြည်သူများအနေဖြင့် ငွေကြေးများ သုံးစွဲရကြောင်း၊ ထို့ကြောင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးကိုလည်း

❖ **နိုင်ငံတကာတွင် အသုံးပြုလျက်ရှိသည့် ခေတ်မီစိုက်ပျိုး မွေးမြူရေးနည်းစနစ်များကို လေ့လာ၍ မိမိတို့နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေး လုပ်ဆောင်ကြရန်လည်း လိုအပ်မည်**

❖ **မွေးမြူရေးလုပ်ငန်းများကို အားထည့်ဆောင်ရွက်ပြီး အထွက်နှုန်းကောင်းအောင် ဆောင်ရွက်မည်ဆိုပါက ဈေးနှုန်းကြီးမြင့်မှုကို လျှော့ချနိုင်မည်**

❖ **အသားငါးဈေးများ ကျဆင်းရေးသည် မိမိတို့အစိုးရအနေဖြင့် ဦးစားပေးဆောင်ရွက်ရမည့် ကိစ္စတစ်ရပ်ဖြစ်၊ ဆီထွက်သီးနှံများ အထွက်နှုန်းပိုမိုတိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ကြရန်လိုအပ်မည်**

သတိထား ဆောင်ရွက်ရန်လိုကြောင်း၊ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် လူအသေအပျောက် အနည်းဆုံးဖြစ်ခဲ့သော်လည်း ဆုံးရှုံးမှုများ ကြီးမားခဲ့ကြောင်း၊ မိမိတို့အနေဖြင့် သင်ခန်းစာယူရန်လိုကြောင်း၊ ထို့ကြောင့် သဘာဝဘေးအန္တရာယ်များကို ကျော်လွှားနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများကို များစွာဆောင်ရွက်ထားရန်လိုကြောင်း၊ ဥပမာအားဖြင့် အဆောက်အအုံများ တည်ဆောက်ရာတွင် မိုးများသည့်ဒေသများ၊ မုန်တိုင်းကျရောက်နိုင်သည့် ဒေသများတွင် သဘာဝဘေးဒဏ်ကိုခံနိုင်သော ကြံ့ခိုင်မှုရှိသည့် အဆောက်အအုံများကို ဆောက်လုပ်သွားရမည်ဖြစ်ကြောင်း။

**နိုင်ငံ့စီးပွားမြှင့်တင်ရေး ကုန်ထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်**

မိမိတို့အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်များထမ်းဆောင်ရာတွင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆောင်ရွက်ခဲ့ရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် နိုင်ငံ့စီးပွားရေးမှာ ပြန်လည်ဦးမော့လာခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စီးပွားရေးတိုးတက်မှုမှာ ၃ ဒသမ ၂ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့သည်ကို ထုတ်ပြန်သည့်မှတ်တမ်းများအရ သိရှိနိုင်ကြောင်း၊ ယခင်အနုတ်ပြနေသည့် စီးပွားရေးမှ အပေါင်းဖြစ်သည်အထိ တိုးတက်လာခဲ့ခြင်းဖြစ်ပြီး အထိုက်အလျောက် တိုးတက်လာခြင်းဖြစ်ကြောင်း၊ ထိုအခြေအနေအပေါ်တွင် ကျေနပ်နေ၍ မရကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ့ဝင်ငွေမရှိဘဲ နိုင်ငံတည်ဆောက်ရေးလုပ်ငန်း၊ နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်း၊ နိုင်ငံတည်ငြိမ်

❖ **ကုန်ထုတ်လုပ်မှုများဆောင်ရွက်ရာတွင် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် လိုအပ်သကဲ့သို့ ပြည်ပသို့ တင်ပို့နိုင်သည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်လည်းလို**

❖ **နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားရန်လိုအပ်**

အေးချမ်းရေးလုပ်ငန်းများကို ဆောင်ရွက်၍ မရကြောင်း၊ စီးပွားရေးကောင်းမွန်ခြင်း မရှိပါက ရာဇဝတ်မှုများ ထူပြောလာမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုဖြစ်စဉ်များ၌ အချို့ဖြစ်စဉ်များသည် ပြန်ပေးဆွဲ၍ ငွေကြေးတောင်းယူခြင်းများ ဖြစ်သည်ကို စိစစ်ဖော်ထုတ်တွေ့ရှိရကြောင်း၊ အချို့သော အကြမ်းဖက်မှုများတွင် မိသားစုများပါ ပါဝင်နေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံ့စီးပွား တိုးတက်ရေးအတွက် ယခုထက် ပိုမို တိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း။

ပြည်ပသို့ ကုန်ပစ္စည်းများတင်ပို့မှုနှင့် ပတ်သက်၍ ပဲအမျိုးမျိုး၊ ဆန်နှင့် စိုက်ပျိုးရေး ထွက်ကုန်များ၊ ရေထွက်ကုန်များနှင့် မွေးမြူရေးထုတ်ကုန်များကို ယခင်ကထက် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ့ဝင်ငွေများ ပိုမိုတိုးတက်ရရှိမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများဆောင်ရွက်ရာတွင် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် လိုအပ်သကဲ့သို့ ပြည်ပသို့ တင်ပို့နိုင်သည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်လည်း လိုကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

ကုန်ထုတ်လုပ်မှုနှင့် ပတ်သက်၍ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တို့တွင် ကုန်ဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း၊ ထုတ်လုပ်မှုနှင့် စားသုံးမှုမမျှတခြင်းနှင့် ကုန်ထုတ်လုပ်မှုစရိတ်ကြီးမြင့်ခြင်းများကြောင့်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုစရိတ်ကြီးမြင့်ရခြင်းမှာ အကြောင်းအမျိုးမျိုးကြောင့်ဖြစ်နိုင်ကြောင်း၊ သို့သော် ထုတ်လုပ်မှုနှင့် စားသောက်မှု မမျှတခြင်းကို မိမိတို့အနေဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ကြောင်း၊ ထိုသို့ဖြေရှင်း ဆောင်ရွက်နိုင်ရန်အတွက် စက်ရုံအလုပ်ရုံများကို အပြည့်အဝ လည်ပတ်နိုင်ရန်လိုကြောင်း၊ အစိုးရစက်ရုံများမှာ အကြောင်းအမျိုးမျိုးကြောင့် လည်ပတ်နိုင်မှုမရှိခြင်းနှင့် ပုဂ္ဂလိက ကုန်ထုတ်လုပ်ငန်းများ အပြည့်အဝ မလည်ပတ်နိုင်ခြင်းတို့ကြောင့် ထုတ်ကုန်များနည်းပါးနေခြင်းဖြစ်ကြောင်း။

အလားတူ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများကိုလည်း စနစ်တကျဖြင့် အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်မှုများမရှိသည်ကို တွေ့ရကြောင်း၊ မိမိတို့နိုင်ငံသားများသည် ရောင့်ရဲတင်းတိမ်သည့်စိတ်ရှိကြကြောင်း၊ စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များနှင့် ထုတ်ကုန်များကို ထုတ်လုပ်ရာတွင် မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုံလောက်ပါသည်ဆို၍ မရကြောင်း၊ အခြားတိုင်းဒေသကြီးများနှင့် ပြည်နယ်များ၏ လိုအပ်ချက်များနှင့် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်လိုကြောင်း၊ ထို့မှတစ်ဆင့် ပြည်တွင်းထုတ်ကုန်များကို ပြည်ပသို့ တင်ပို့နိုင်ကြောင်း၊ စိုက်ပျိုးရေးပို့ကုန်များနှင့် ထုတ်ကုန်များကို ပြည်ပသို့ ပိုမိုတင်ပို့နိုင်ပါက နိုင်ငံခြားငွေများပိုမိုရရှိလာမည်ဖြစ်ပြီး နိုင်ငံ့စီးပွားမြင့်တက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများတိုးတက်စေရေးနှင့် တစ်ဧကအထွက်နှုန်းများ တိုးတက်ပြီး ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး၊ သီးထပ်စွမ်းအားများမြှင့်တင်ရေး၊ ထုတ်ကုန်များပြည့်ဝစွာ ထုတ်လုပ်နိုင်ရေးအတွက် စွမ်းအားပြည့်လည်ပတ်နိုင်ရေး နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ကြစေလိုကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက စနစ်တကျစီမံဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

**မွေးမြူရေးလုပ်ငန်းများ အထွက်နှုန်းကောင်းအောင် ဆောင်ရွက်၍ ကုန်ဈေးနှုန်း ကြီးမြင့်မှုကို လျှော့ချနိုင်ရမည်**

အလားတူ မွေးမြူရေးနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင် တိရစ္ဆာန်အစားအစာ ကုန်ကြမ်းများ အများအပြားထွက်ရှိသည်ဖြစ်သော်လည်း မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျမွေးမြူခြင်းနှင့် တိုးချဲ့မွေးမြူခြင်းမရှိကြသည်ကို တွေ့ရှိရကြောင်း၊ တိရစ္ဆာန်အစာအတွက် လိုအပ်သည့် ဖွဲ၊ ဆန်ကွဲ၊ ပဲဖတ်၊ နှမ်းဖတ်၊ ပြောင်း၊ ငါးမှုန့် စသည့် ကုန်ကြမ်းများ ပြည်တွင်း၌ အလုံအလောက်ရှိပြီး အားဖြည့်အစားအစာကိုသာလျှင် ပြည်ပမှ တင်သွင်းရကြောင်း၊ သဘာဝအစားအစာများသည်လည်း အလုံအလောက်ရှိပြီးဖြစ်ပြီး မြက်စိုက်ပျိုးနိုင်သည့် မြေများလည်း များစွာရှိပြီးဖြစ်ကြောင်း၊ နိုင်ငံတကာတွင် အသုံးပြုလျက်ရှိသည့် ခေတ်မီစိုက်ပျိုး မွေးမြူရေး နည်းစနစ်များကို လေ့လာ၍ မိမိတို့နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေး လုပ်ဆောင်ကြရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ တီထွင်ကြံဆလုပ်ဆောင်ခြင်း မရှိသောကြောင့် မိမိတို့နိုင်ငံတွင် ထုတ်လုပ်မှုနှင့် စားသုံးမှုမမျှတဘဲ ကုန်ဈေးနှုန်းများ ကြီးမြင့်နေရခြင်းဖြစ်ကြောင်း၊ စားသုံးမှုနှင့် ထုတ်လုပ်မှု မျှခြေရှိမည်ဆိုပါက ထိုက်သင့်သည့် ဈေးနှုန်းများဖြင့် ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို အားထည့်ဆောင်ရွက်ပြီး အထွက်နှုန်းကောင်းအောင် ဆောင်ရွက်မည်ဆိုပါက ဈေးနှုန်းကြီးမြင့်မှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ အသားငါးဈေးများ ကျဆင်းရေးသည် မိမိတို့အစိုးရအနေဖြင့် ဦးစားပေးဆောင်ရွက်ရမည့် ကိစ္စတစ်ရပ်ဖြစ်သည်ကို ပြောကြားလိုကြောင်း။

လိုအပ်နိုင်မည့် အသား၊ ငါး၊ ဥ အမျိုးမျိုးနှင့် နို့ထွက်ပစ္စည်းများကို ချိန်ထိုးဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ မိမိတို့နေထိုင်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း လုံလောက်သည့် ပမာဏ ထွက်ရှိသည်ဆိုရုံဖြင့် ကျေနပ်မနေဘဲ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကြည့်၍ ဆောင်ရွက်ကြရမည်ဖြစ်ပြီး အစိုးရအဖွဲ့မှ တွက်ချက်ဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ ထွက်ရှိလာသည့် ထုတ်ကုန်များကို ပြည်ပသို့ တင်ပို့ရောင်းချသည်ကို မိမိအနေဖြင့် အားပေးပါကြောင်း၊ သို့သော်လည်း ပြည်တွင်းတွင် လိုအပ်သည့် အဓိကစားသုံးနိုင်မှုကိုလည်း မထိခိုက်ရန်လိုကြောင်း၊ သို့ဖြစ်၍ စနစ်တကျဖြင့် တွက်ချက်စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဥပမာအားဖြင့် ဆီဖူလုံမှုကိုကြည့်မည်ဆိုပါက မိမိတို့နိုင်ငံတွင် ထွက်ရှိသည့် မြေပဲ၊ နေကြာ၊ နှမ်း၊ ပဲပုပ် စသည့် သီးနှံများကို ဆီအဖြစ် ကြိတ်ခွဲထုတ်လုပ်၍ စားသုံးမည်ဆိုပါက သာမန်အားဖြင့် ၁၂၆ ရာခိုင်နှုန်း ဆီဖူလုံမှုရှိမည်ဖြစ်ကြောင်း၊ စိုက်ပျိုးဧကများအလိုက် ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ၂၄၉ ဒသမ ၅ ရာခိုင်နှုန်း ဆီဖူလုံမှုရှိမည်ဖြစ်ကြောင်း၊ သို့သော်လည်း မိမိတို့နိုင်ငံတွင် ဆီဖူလုံမှုမရှိသဖြင့် နှစ်စဉ် ပြည်ပမှတင်သွင်းနေရကြောင်း၊ သုံးသပ်ကြည့်မည်ဆိုပါက ဆီထွက်သီးနှံများ အထွက်နှုန်းမမှန်ခြင်း၊ ပြည်ပသို့ တင်ပို့နေခြင်း၊ ဒေသန္တရအစားအစာများတွင် ဆီထွက်သီးနှံများကို အများအပြား ထည့်သွင်း စားသုံးနေခြင်းတို့ကြောင့် ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ နှမ်းနှင့် မြေပဲ ပြည်ပသို့တင်ပို့ခြင်းဖြင့် ရရှိလာသည့် ငွေကြေးသည် ပြည်ပမှ စားသုံးဆီတင်သွင်းနေရသည့် ဆီတန်ဖိုးကို မကာမိဘဲ လေးပုံတစ်ပုံခန့်သာရရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ပြည်ပသို့ တင်ပို့နေသည့် ကုန်စည်များနှင့် ပတ်သက်၍လည်း UMFCCI နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့က ချိန်ဆ၍ တွက်ချက်ဆောင်ရွက်ကာ ထိန်းသိမ်းကြပ်မတ်ကြရန်လိုကြောင်း၊ အဓိကအားဖြင့် ပြည်တွင်းစားသုံးမှုကို မထိခိုက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့်ဆီထွက်သီးနှံများ အထွက်နှုန်း ပိုမိုတိုးတက် ကောင်းမွန်လာအောင် ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

**စိုက်ပျိုးမြေအသုံးချမှုနှင့် ပတ်သက်၍ ဥပဒေပြဋ္ဌာန်းချက်များအတိုင်း ဖြစ်ရန်လို**

စိုက်ပျိုးမြေများ အသုံးချမှုနှင့် ပတ်သက်၍လည်း လယ်ယာမြေဥပဒေနှင့် ကိုက်ညီမှုမရှိသည်ကို တွေ့ရှိရကြောင်း၊ လယ်မြေကို အခြားသီးနှံ စိုက်ပျိုးခွင့်ပေးခြင်းကို ဗဟိုအဖွဲ့မှသာ ခွင့်ပြုပေး၍ ရပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးမှ ခွင့်ပြုပေး၍မရကြောင်း၊ လယ်ယာမြေ၌ အခြားသီးနှံစိုက်ပျိုးခွင့် ပြည်နယ်နှင့် တိုင်းဒေသကြီးမှ ခွင့်ပြုပေး၍ရကြောင်း၊

စာမျက်နှာ ၄ သို့ »»

❖ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အခြေခံပညာကျောင်း လေးသောင်းသုံးထောင်ကျော် ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသား ကျောင်းသူ ရှစ်သန်းကျော် ကျောင်းအပ်နှံခဲ့၊ ယခင်ပညာသင်နှစ် ကျောင်းသား ကျောင်းသူများထက် တစ်သန်းကျော် ပိုမိုသည်ကို တွေ့ရ

❖ ကျောင်းသား ကျောင်းသူများအားလုံး ပညာသင်နှစ်ပြီးဆုံးသည်အထိ အပြည့်အဝ ကျောင်းတက်နိုင်ရေးနှင့် အဆင့်လိုက် အတန်းကူးပြောင်းမှုရာခိုင်နှုန်း မြင့်မားရေးအတွက် သက်ဆိုင်ရာအလိုက် ကြိုးပမ်းဆောင်ရွက်

❖ တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် ကိစ္စဖြစ်သဖြင့် ပညာရေးဝန်ကြီးဌာန သာမက အခြားဝန်ကြီးဌာနများကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်သွားရန်လိုအပ်

»»» စာမျက်နှာ ၃ မှ

သို့သော်လည်း အခြားလုပ်ငန်းပြောင်းခွင့်ကိုမူ ဗဟိုအဖွဲ့မှပင် ဆောင်ရွက်ပေး၍ရကြောင်း၊ လယ်ယာမြေများကို အသုံးချရာတွင် စိုက်ပျိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်းမပြုဘဲ အဆောက်အအုံများ ဆောက်လုပ်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ စိုက်ပျိုးမြေများကို အခြားနည်းများဖြင့် သုံးစွဲလျက်ရှိခြင်းကြောင့် နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမြေများကို အခြားနည်းများဖြင့် သုံးစွဲနေမှုများကို ဥပဒေနှင့်အညီ စိစစ်ကြပ်မတ် ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် လယ်ယာမြေ၏ မူရင်းပိုင်ရှင်သည် နိုင်ငံတော်ပင်ဖြစ်ပြီး ဥပဒေ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဂဃနဏ သိရှိနားလည်ရန်လိုကြောင်း၊ ဥပဒေကို ချိုးဖောက်ပါက ထိုက်သင့်သည့် အရေးယူဆောင်ရွက်ခြင်းကို ခံယူရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမြေများတွင် အပြည့်အဝ စိုက်ပျိုးရန်လိုအပ်မည်ဖြစ်ကြောင်း။

ဝန်ကြီးဌာနများ အနေဖြင့်လည်း ဝန်ကြီးဌာနပိုင် အဆောက်အအုံများ၊ မြေများ နှစ်ရှည်ငှားမည်ဆိုပါက အစိုးရထံမှုအားဖြင့် သဘောတူညီမှုယူရမည်ဖြစ်ပြီး နှစ်ရှည်ကိစ္စဖြစ်ပါက MIC သို့ ခွင့်ပြုချက်တင်ရမည်ဖြစ်ကြောင်း၊ ဥပဒေနှင့် အညီသာ ဆောင်ရွက်ရမည်ဖြစ်ပြီး မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကာလတို ငှားရမ်းခြင်းများကို လုပ်ပိုင်ခွင့်အဖြစ် ပေးထားခြင်းမဟုတ်သော်လည်း လုပ်ဆောင်မည်ဆိုပါက ဆောင်ရွက်၍ ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းလုပ်ဆောင်မှုများ ပြောင်းလဲမည်ဆိုပါကလည်း တင်ပြရန်လိုကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနများအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုများကို ဥပဒေပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရေကန်ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နိုင်သဖြင့် မွေးမြူရေးသိပ္ပံကျောင်းများ တိုးချဲ့ဖွင့်လှစ်ပြီး ရေကန်ငါးနှင့် ပုစွန်မွေးမြူရေးဆိုင်ရာ ဘာသာရပ်များ ထည့်သွင်းသင်ကြားပို့ချနိုင်ရေး ဆောင်ရွက်သွားရန်၊ စိုက်ပျိုးရေးထုတ်ကုန်များတွင် အလားအလာရှိသည့် လက်ဖက်၊ ကော်ဖီ၊ မက်ကဒေးမီးယား၊ သီဟိုဠ်၊ ထောပတ်၊ ကိုကိုး စသည့်သီးနှံများကို တိုးချဲ့စိုက်ပျိုးကြရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ပညာရှင်များနှင့် ဆွေးနွေးပွဲများ ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပညာရေးနှင့်ပတ်သက်၍ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အခြေခံပညာကျောင်း လေးသောင်းသုံးထောင်ကျော် ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသား ကျောင်းသူ ရှစ်သန်းကျော် ကျောင်းအပ်နှံခဲ့ပါကြောင်း၊ ယခင်ပညာသင်နှစ် ကျောင်းသား ကျောင်းသူများထက် တစ်သန်းကျော် ပိုမိုသည်ကို တွေ့ရပါကြောင်း၊ အဆိုပါ ကျောင်းသား ကျောင်းသူများအားလုံး ပညာသင်နှစ်ပြီးဆုံးသည်အထိ အပြည့်အဝ ကျောင်းတက်နိုင်ရေးနှင့် အဆင့်လိုက် အတန်းကူးပြောင်းမှုရာခိုင်နှုန်းမြင့်မားရေးအတွက် သက်ဆိုင်ရာအလိုက် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် ကိစ္စဖြစ်သဖြင့် ပညာရေးဝန်ကြီးဌာန သာမက အခြားဝန်ကြီးဌာနများကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊

ထို့ပြင် ကျောင်းများနှင့် ဆရာ ဆရာမများ လုံခြုံမှုရှိစေရေးအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနက လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးသွားရန် လိုအပ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ စိတ်ဓာတ်မြင့်မားရေးအတွက် စာသင်ကျောင်းများ၏ ဥပမိရုပ်ကောင်းမွန်ရန်နှင့် သင်ထောက်ကူပစ္စည်းများ ပြည့်စုံမှုရှိစေရေးအတွက် ဝန်ကြီးဌာနအလိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ယခုအခြေခံပညာကျောင်းများသည် KG+12 အထိရှိသဖြင့် ကျောင်းများ အဆင့်မြှင့်တင်ရာတွင် သတ်မှတ်ထားသည့် မြေနေရာအကျယ်အဝန်းနှင့် ကျောင်းအင်္ဂါရပ်များ ပြည့်စုံကောင်းမွန်စေရန် ကြိုတင်စီမံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ကျောင်းသုံး ပရိဘောဂများကိုလည်း တစ်နိုင်ငံလုံးအနေဖြင့် တစ်ပြေးညီဖြစ်စေရန် တစ်ဆင့်ချင်းအလိုက် ပြုပြင်ဖြည့်ဆည်းပေးနိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ဝန်ကြီးဌာနများအလိုက် ငွေလုံးငွေရင်း အသုံးစရိတ်နှင့် သာမန်အသုံးစရိတ်များကို သုံးစွဲရာတွင် အလွဲသုံးစားမှုများ မရှိရေးနှင့် မှန်မှန်ကန်ကန်ဖြစ်စေရေးအတွက် တာဝန်ရှိသူများက စိစစ်ကြပ်မတ်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ အသုံးစရိတ်များကို သုံးစွဲရာတွင် အမှန်တကယ်သုံးစွဲရမည့် ကိစ္စရပ်များကိုသာ သုံးစွဲကြရန်နှင့် မသုံးစွဲသင့်သည်များကို မသုံးစွဲရေး ကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

မိုခါမုန်တိုင်းဒဏ်သင့် ဒေသများ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရာတွင် အများနှင့် သက်ဆိုင်သည့် ဆေးရုံ၊ စာသင်ကျောင်း၊ ဘာသာရေးအဆောက်အအုံ၊ ရုံးဌာန အဆောက်အအုံများကို ဦးစားပေးအနေဖြင့် အမြန်ဆုံး ပြန်လည်ပြင်ဆင်တည်ဆောက်ရန်နှင့် မုန်တိုင်းဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးနှင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနအားလုံးက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

တိုင်းပြည်ဝင်ငွေရရှိရေးနှင့် ပတ်သက်၍ အခွန်အခများ ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန်ရရှိရေး ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ထွက်ကုန်ပစ္စည်းများ ပေါ်များစွာ ထုတ်လုပ်နိုင်ရေးကိုလည်း ဝိုင်းဝန်းကြိုးစား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်ပဈေးကွက် ခိုင်မာစွာတည်ရှိသည့် ပြောင်း၊ နှမ်း၊ မတ်ပဲ၊ ကုလားပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း စသည့်သီးနှံများကို တိုးချဲ့စိုက်ပျိုးရန် လိုအပ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ စွမ်းအားပြည့်ဆောင်ရွက်ပြီး ထုတ်ကုန်များကို တိုးတက်အောင် ထုတ်လုပ်နိုင်ပါက တိုင်းပြည်ဝင်ငွေ ပိုမိုရရှိမည်ဖြစ်သည့် အပြင် နိုင်ငံခြားငွေ လိုအပ်ချက်ကိုလည်း အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုတိုးတက်အောင် အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မိုခါမုန်တိုင်းကာလအလွန် ရခိုင်ပြည်နယ်ရှိ မြို့နယ်များအားလုံးကို နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်

နေပြည်တော် ဇူလိုင် ၁၃

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသများအတွင်းရှိ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို အရှိန်အဟုန်ဖြင့် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ စစ်တွေမြို့၊ ပုဏ္ဏားကျွန်းမြို့၊ ကျောက်တော်မြို့၊ မြောက်ဦးမြို့၊ မင်းပြားမြို့၊ မြေပုံမြို့၊ ရသေ့တောင်မြို့နှင့် ပေါက်တောမြို့ရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့အား ဇွန် ၇၊ ၁၈၊ ၂၃ ရက်နှင့် ဇူလိုင် ၅ ရက်တို့တွင် ဓာတ်အားစနစ်မှ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ ကျန်ရှိနေသော မြို့များနှင့် ကျေးရွာများအား ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ၆၆ ကေဗွီ ရသေ့တောင်-ဘူးသီးတောင် ဓာတ်အားလိုင်း ပြန်လည်ပြုပြင် တည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် ယနေ့နံနက် ၁၁ နာရီ ၂၃ မိနစ်တွင် ဘူးသီးတောင်မြို့ရှိ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဘူးသီးတောင် ဓာတ်အားခွဲရုံ၏ ၁၁ ကေဗွီ ဖီဒါ (၄) ဖီဒါမှ ၁၁/၀.၄ ကေဗွီ ဖြန့်ဖြူးရေးထရန်စဖော်မာ ၇၅ လုံးဖြင့် မြို့ပေါ်ရပ်ကွက် ခုနစ်ရပ်ကွက်နှင့် ကျေးရွာ ၂၄ ရွာရှိ မီးသုံးသူ ၅၂၇၃ ဦး တို့ကိုလည်းကောင်း၊ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် မောင်တောမြို့ရှိ ၆၆/၁၁ကေဗွီ၊ ၅ အမ်ဗွီအေ မောင်တောဓာတ်အားခွဲရုံ၏ ၁၁ကေဗွီ ဖီဒါ (၄) ဖီဒါမှ ၁၁/၀.၄ ကေဗွီ ဖြန့်ဖြူးရေးထရန်စဖော်မာ ၈၁ လုံးဖြင့် မြို့ပေါ်ရပ်ကွက် ၁၂ ရပ်ကွက်နှင့် ကျေးရွာ ၂၄ ရွာရှိ မီးသုံးသူ ၆၄၇၄ ဦးတို့အား လည်းကောင်း ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားပြန်လည် ဖြန့်ဖြူးပေးထားပြီးဖြစ်သည်။

ယခုအခါ ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသများ အတွင်းရှိ မိုခါမုန်တိုင်းဒဏ်ကြောင့် ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံနှင့်ဆက်စပ်ပစ္စည်းများ ပျက်စီးသွားသည့် မြို့နယ် ၁၀ မြို့နယ်ကို ဓာတ်အားစနစ်မှ ဓာတ်အားပြန်လည် ဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်သောကြောင့် မိုခါမုန်တိုင်းကာလအလွန် ရခိုင်ပြည်နယ်ရှိ မြို့နယ်များအားလုံးကို နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပြန်လည် ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်


ဘူးသီးတောင်မြို့


မောင်တောမြို့

# အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် ဇူလိုင် ၁၃**

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြောကြား**

အခမ်းအနားတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နယ်စပ်ရေးရာဝန်ကြီးဌာနတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) ကို ဒုတိယဝန်ကြီးဦးဆောင်၍ လုပ်ငန်းတာဝန်(၃)ရပ်နှင့် လုပ်ငန်းအစီအစဉ်(၆)ရပ်တို့ကို အခြားသော ဝန်ကြီးဌာနများနည်းတူ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန၏ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံနှင့် ပြည်သူတို့အတွက် စေတနာထားပြီး ရိုးသား၊ ကြိုးစား၊ သစ္စာရှိသည့် ဝန်ထမ်းကောင်းများအဖြစ်၊ အဂတိကင်းရှင်းစွာဖြင့် ကျရာကဏ္ဍမှ ပါဝင်ထမ်းဆောင်ပြီး ဝန်ကြီးဌာန၏ ဂုဏ်သိက္ခာနှင့် စွမ်းရည်ကို ဆက်လက်မြှင့်တင်ပေးကြရန် မှာကြားလိုကြောင်း၊ ဝန်ကြီးဌာန အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ဝင်များအနေဖြင့် ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းအစီအစဉ်များကို စဉ်ဆက်မပြတ် တိုးတက်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

**အရှိန်မြှင့်တင်ဆောင်ရွက်**

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဂတိလိုက်စားမှု လျော့နည်းကျဆင်းစေရေး ဆောင်ရွက်ရာတွင် စုံစမ်းစစ်ဆေးအရေးယူမှုတစ်ခုတည်းဖြင့် ဆောင်ရွက်မည်ဆိုပါက လုံလောက်မှုမရှိနိုင်သည့်အတွက် အဂတိလိုက်စားမှုကို လုံးဝလက်မခံသည့် ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေရေးနှင့် အကျင့်ပျက်ခြစားမှုများ မရှိစေရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် အသိပညာပေးရေးနှင့် တားဆီးကာကွယ်ရေး လုပ်ငန်းစဉ်များကိုပါ အရှိန်မြှင့်တင်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း၊ အဂတိလိုက်စားမှုဆိုသည်မှာ လာဘ်ပေးလာဘ်ယူမှုထက် ပိုမိုကျယ်ပြန့်ကြောင်း၊ ဂတိတရားလေးပါးကို ဆန့်ကျင်ဆောင်ရွက်ပါက အဂတိလိုက်စားမှုဖြစ်ပေါ်နိုင်ပြီး နိုင်ငံတော်အကျိုးစီးပွားထိခိုက်ခြင်း၊ အဖွဲ့အစည်း၏ ဂုဏ်သိက္ခာကိုထိခိုက်ခြင်း စသည့်သက်ရောက်မှုများ ရှိနိုင်ကြောင်း၊ အဂတိလိုက်စားမှုကို ဆန့်ကျင်တိုက်ဖျက်ရာတွင် ကျင့်ဝတ်လိုက်နာမှုသည် အရေးကြီးကြောင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ မိမိကိုယ်ကိုကောင်းအောင် ကျင့်ကြံခြင်းဖြင့် မိမိ၏ဂုဏ်သိက္ခာ၊ နိုင်ငံတော်၏ဂုဏ်သိက္ခာကိုမြှင့်တင်ကြရန်နှင့် အများပြည်သူအပေါ် အရည်အသွေးပြည့်ဝသည့် ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် ရိုးသား၊ ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်ချက် ဗီဒီယိုကလစ်ကို ပြသသည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် စုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ အသိပညာပေးရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနခွဲ ညွှန်ကြားရေးမှူးက အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှုဖြစ်ပေါ်ရခြင်း အကြောင်းရင်းများ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများနှင့် လုပ်ငန်းဆောင်ရွက်မှုများ၊ တားဆီးကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူးက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ စုံစမ်းစစ်ဆေးရေးဌာနခွဲ ညွှန်ကြားရေးမှူးက စုံစမ်းစစ်ဆေးရေးကဏ္ဍတို့ကို ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**



# တီထွင်မှုမူပိုင်ခွင့်နည်းဥပဒေများ(မူကြမ်း)နှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၃**

တီထွင်မှုမူပိုင်ခွင့်နည်းဥပဒေများ (မူကြမ်း)နှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပသည်။

**အတည်ပြုပြဋ္ဌာန်းခဲ့**

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်က ၂၀၁၉ ခုနှစ်တွင် မူပိုင်ခွင့်ဥပဒေလေးရပ်ဖြစ်သည့် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့် ဥပဒေနှင့် စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေတို့ကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေကို ၂၀၁၉ ခုနှစ် မတ် ၁၁ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး တီထွင်သူများနှင့် တီထွင်မှုကို အသုံးပြုသူများအကြား နည်းပညာဗဟုသုတနှင့် လူမှုစီးပွားဘဝ သာယာဝပြောရေးတို့ကို အပြန်အလှန် အကျိုးပြုစေရန်၊ နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုများနှင့် နည်းပညာဖြန့်ဖြူးလွှဲပြောင်းရေးတို့ကို မြှင့်တင်နိုင်ခြင်းအားဖြင့် နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုကို ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တီထွင်ဖန်တီးသော လူမှုပတ်ဝန်းကျင်ဖြစ်ပေါ်စေရေးအတွက် အားပေးရန်ရည်ရွယ်၍ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်း၊ မူပိုင်ခွင့်ဦးစီးဌာနအနေဖြင့် တီထွင်မှုမူပိုင်ခွင့်ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် တီထွင်မှုမူပိုင်ခွင့်နည်းဥပဒေများ (မူကြမ်း)ကို ရေးဆွဲခဲ့ပြီး အဆိုပါနည်းဥပဒေများ (မူကြမ်း) အပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ သဘောထားမှတ်ချက်များ၊ အကြံပြုချက်များ တောင်းခံရရှိထားပြီးဖြစ်၍ ယခု ညှိနှိုင်းအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ အစည်းအဝေးမှ ဆွေးနွေးအကြံပြုချက်များနှင့်အညီ လိုအပ်သည်များ ပြင်ဆင်ဖြည့်စွက်ပြီး နည်းဥပဒေအတည်ပြုနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဘာသာရပ်ဆိုင်ရာတာဝန်ခံတို့က တီထွင်မှုမူပိုင်ခွင့်နည်းဥပဒေများ (မူကြမ်း)နှင့်စပ်လျဉ်း၍ အကြံပြုချက်များ၊ သဘောထားမှတ်ချက်များ တောင်းခံရရှိခဲ့မှုနှင့် ပြင်ဆင်ထားရှိမှု အခြေအနေများကို PowerPoint ဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးဌာနများနှင့်အဖွဲ့အစည်းများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၃ ခုနှစ် မေလအတွင်း ပြည်နယ်အစိုးရအစီအစဉ်ဖြင့် IDP / ယာယီတိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၃**

ပြည်တွင်း နေရပ်စွန့်ခွာသူများ ပြန်လည် နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီက ဦးဆောင်၍ ပြည်နယ်အဆင့် ကော်မတီများဖြစ်သည့် ကချင်၊ ကရင်၊ ရခိုင်နှင့် ရှမ်း ပြည်နယ်အစိုးရအဖွဲ့တို့က IDP/ ယာယီတိုက်ပွဲရှောင်ပြည်သူများအား ပြည်နယ်အစိုးရအစီအစဉ်ဖြင့် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိသည်။

၂၀၂၃ ခုနှစ် မေလအတွင်း ကချင်ပြည်နယ် အစိုးရအဖွဲ့က မြစ်ကြီးနားမြို့နယ် စီတာပူ ဆွတ်ပိုင်တောင်နှစ်ခြင်း စခန်း၊ ရွှေစက်နှစ်ခြင်းစခန်း၊ နန်းကွေ့စိန်ယောဟန် IDP စခန်း၊ ပလနစိန်ဂျိုးဇက် IDP စခန်း၊ ဂျန်မိုင်ကောင်းနှစ်ခြင်း IDP စခန်းနှင့် ဝိုင်းမော်မြို့နယ် မိုင်းနားဖွံ့ဖြိုးရေးခြံ KBC ယာယီတိုက်ပွဲရှောင်စခန်း၊ နောင်ဟီး ယာယီတိုက်ပွဲရှောင်စခန်းတို့ရှိ အိမ်ထောင်စုပေါင်း ၃၈၀ အတွက် ငွေကျပ် ၄၉ ဒသမ ၉၀၂ သန်းတန်ဖိုးရှိ ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ထောက်ပံ့ကူညီခဲ့သည်။

အလားတူ ကရင်ပြည်နယ် အစိုးရအဖွဲ့က လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအထူးဒေသရှိ ယာယီတိုက်ပွဲရှောင် အိမ်ထောင်စု ၄၃၂ စုအတွက် ဆန်အိတ် ၅၂၃ အိတ်နှင့် ဆီ ၂၁၆ ပိဿာ၊ ဖာပွန်မြို့နယ် ကမမောင်းမြို့သို့ ရောက်ရှိလာသော ဖာပွန်မြို့နယ်အတွင်းရှိ ယာယီတိုက်ပွဲရှောင် အိမ်ထောင်စု ၇၇၈ စုအတွက် ဆန်အိတ် ၈၄၃ အိတ်နှင့် ဆီ ၃၈၉ ပိဿာတို့ကို ထောက်ပံ့ကူညီခဲ့သည်။

ထို့ပြင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့က မြေပုံမြို့နယ်နှင့် ကျောက်ဖြူမြို့နယ်များအတွင်းရှိ IDP စခန်းများသို့ စုစုပေါင်း ထောက်ပံ့ငွေကျပ် ၁၅၀၀၀၀၀၀ ကိုလည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပင်လောင်းမြို့နယ်ရှိ နေရပ်စွန့်ခွာသူ အိမ်ထောင်စု ၄၂၁ စုအား ထောက်ပံ့ငွေကျပ် ၄ ဒသမ ၈၅၅ သန်းကိုလည်းကောင်း ထောက်ပံ့ကူညီမှုများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇော်ဝင်းထွန်း**

# အခြေခံပညာအထက်တန်းကျောင်း(ပေါက်တော)၌ လူ့ကုန်ကူးမှု လူငယ်ရေးရာ အသိပညာပေးဟောပြော

**ပေါက်တော ဇူလိုင် ၁၃**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် အခြေခံပညာ အထက်တန်းကျောင်း (ပေါက်တော)ရှိ စုပေါင်းခန်းမ၌ ကျင်းပသည်။



ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စံလှဝင်းက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်စိန်နှင့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန်းထွေးတို့က အသိပညာပေး ဆွေးနွေးဟောပြောသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသည့် ကလေး အလုပ်သမားများ ပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်နှင့် လူကုန်ကူးမှု အသိပညာပေး နံရံကပ်စာစောင်များကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

(၇၆)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်ဆောင်းပါး

# မမေ့နိုင်ဖွယ်ရာ ဇူလိုင်လရဲ့ သမိုင်းသင်ခန်းစာ

**ဇူလိုင်လရဲ့ မိုးစက်မိုးပွင့်တို့နဲ့အတူ (၇၆)နှစ်မြောက် အာဇာနည်နေ့တောင် ရောက်ခဲ့ပြီကော။ (၇၆)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားမှာ မျက်မှောက်ခေတ် အခြေအနေအရ အလေးအနက်ဆင်ခြင်စရာ၊ သမိုင်းသင်ခန်းစာယူစရာတွေက အများသားလား။**

**ဇာနည်ဘွား**

### လက်နက်အားကိုးနဲ့ဖြေရှင်းခဲ့

နိုင်ငံရေးအခက်အခဲပြဿနာတွေကို နိုင်ငံရေးနည်းလမ်းနဲ့ စေ့စပ်ဆွေးနွေး အဖြေရှာကြရမယ့်အစား အကြမ်းဖက်ဝါဒ၊ လူသတ်ဝါဒကိုကိုင်စွဲပြီး လက်နက်အားကိုးနဲ့ဖြေရှင်းခဲ့ကြတဲ့ ဦးစောနဲ့ လက်ပါးစေအပေါင်းအဖော်တို့ရဲ့ လုပ်ရပ်ကြောင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ဝန်ကြီးများဟာ ကြေကွဲဖွယ်ရာအဖြစ်ဆိုးနဲ့ ကြုံခဲ့ကြရရှာတယ်။

ဦးစောရဲ့ခိုင်းစေမှုကြောင့် ဝန်ကြီးများ အစည်းအဝေးကျင်းပရာ ရန်ကုန်မြို့အတွင်းဝန်ရုံးကို ကာယကံမြောက် လာရောက်ပစ်ခတ်လုပ်ကြံခဲ့တဲ့ မောင်စိုး၊ သက်နှင်း၊ မောင်စိန်(ခ)စိန်ကြီး၊ ရန်ကြီးအောင်တို့လက်ချက်ကြောင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဟာ ဦးနှောက်၊ အသည်း၊ လက်မောင်း၊ ကျောနဲ့ ခါးအထက်ပိုင်းအနှံ့ ပစ်ခတ်ခံရတဲ့ဒဏ်ရာ ၁၃ ချက်နဲ့ကျဆုံးခဲ့ရရှာပါတယ်။

ဆေးစစ်ဆေးချက် မှတ်တမ်းများအရတော့ နှလုံးအိမ်က နှစ်လက်မကွဲပြဲနေပြီး ရင်ခေါင်းအတွင်းမှာ သွေးတစ်ပိုင့်စာမျှတွေ့ရတယ်။ ကျောရိုးလည်း ကျိုးသွားတယ်။ အစာအိမ်နဲ့ အသည်းလည်း တောက်လျှောက်ပေါက်သွားတယ်။ ဗိုလ်ချုပ်သေဆုံးရခြင်းဟာ နှလုံး၊ အသည်း၊ အဆုတ်နဲ့ အစာအိမ်တွေကို ထိခိုက်တဲ့ဒဏ်ရာတွေကြောင့် သွေးလွန်ပြီး သေဆုံးရခြင်းဖြစ်တယ်လို့ဆိုပါတယ်။ လကျာဘက်ကျောနောက်က ဒဏ်ရာအမှတ် ၁၃ တစ်ခုတည်းနဲ့သေလောက်တယ်လို့ဆိုပါတယ်၊ နှလုံးက စုတ်ပြတ်နေပါပြီ။ ဗိုလ်ချုပ်ဟာ ချက်ချင်းပဲ သေဆုံးခြင်း ဖြစ်ပါလိမ့်မယ်လို့ ဆေးမှတ်တမ်းမှာ ဖော်ပြခဲ့ပါတယ်။

ဝန်ကြီးတွေဖြစ်ကြတဲ့ သခင်မြက အဆုတ်နှစ်ဖက်စလုံးကြေမွသွားတဲ့ ဒဏ်ရာ နှစ်ချက်၊ ဗိုလ်ချုပ်အစ်ကို ဦးဘဝင်းက ဒဏ်ရာ ရှစ်ချက်၊ မန်းဘခိုင်က ဒဏ်ရာ ၁၅ ချက်၊ မစ္စတာရာဇတ်က ဒဏ်ရာ ခြောက်ချက်၊ ဒီးဒုတ်ဦးဘချိုက ဒဏ်ရာ ငါးချက်၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းက ဒဏ်ရာ နှစ်ချက် (ညာဘက်မေးရိုးမှာ ဒဏ်ရာတစ်ချက်နဲ့ ဘယ်ဘက်လည်ပင်းအထက်ပိုင်းမှာ ဒဏ်ရာ တစ်ချက်)၊ အတွင်းဝန် ဦးအုံးမောင်က ဒဏ်ရာ ငါးချက်၊ ရဲဘော်ကိုထွေးက ဒဏ်ရာလေးချက် အသီးသီးရရှိခဲ့ကြတယ်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ ဦးဘဝင်း၊ မန်းဘခိုင်၊ မစ္စတာရာဇတ်နဲ့ အတွင်းဝန် ဦးအုံးမောင်တို့ကတော့ အခင်းဖြစ်ပွားရာ နေရာမှာပဲ ပွဲချင်းပြီး သေဆုံးသွားခဲ့ကြရရှာပြီး ဒီးဒုတ်ဦးဘချိုက မွန်းလွဲ ၁ နာရီ မိနစ် ၄၀၊ ရဲဘော်မောင်ထွေးက မွန်းလွဲ ၂ နာရီ ၁၅ မိနစ်၊ စော်ဘွားကြီးကတော့ နောက်တစ်နေ့ ၁၂ နာရီမှ ဆေးရုံမှာ သေဆုံးသွားခဲ့ကြတာ ဖြစ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့ရမှုနဲ့ ပတ်သက်ပြီး ပါကစ္စတန်ခေါင်းဆောင်ကြီး ဂျင်နားက "နိုင်ငံရေးရာဇဝတ်မှုကျူးလွန်ရေးဝါဒကို မည်သူမျှထောက်ခံအားပေးလိမ့်မည်မဟုတ်ကြောင်း၊ တိုင်းပြည်အတွက် ကြိုးပမ်းဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထားသော လူမျိုးတစ်မျိုးအဖို့ မည်သည့်အရာမဆို ရရှိအောင် စွမ်းဆောင်နိုင်ကြောင်း" လူသတ်ဝါဒကို ရှုတ်ချကြောင်း ထုတ်ပြန်ခဲ့ပါတယ်။

အိန္ဒိယခေါင်းဆောင်ကြီး နေရူးကလည်း "ကျွန်ုပ်မှာ မိတ်ဆွေကောင်းကြီးနှင့် အပေါင်းအသင်းများ ဆုံးပါးရလေပြီ။ မြန်မာပြည်နှင့် အာရှတိုက်ကြီးတို့မှာလည်း လူအများ အားထားမြော်လင့်လောက်သည့် ရှေးအစဉ်အလာများနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကြီးတစ်ယောက်ဆုံးပါးရလေပြီ" စသဖြင့် ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်ထံ ပေးပို့တဲ့ သဝဏ်လွှာမှာ ရေးသားဖော်ပြခဲ့ပါတယ်။



(၇၅)နှစ်မြောက် အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)၌ နိုင်ငံတော်အလံအား တိုင်ဝက်သို့ လျှော့ချလွှင့်ထူခြင်း အခမ်းအနားကျင်းပမှုကို တွေ့ရစဉ်။

### နိုင်ငံရေးအကြံအစည်ရှိသော လူသတ်မှု

အိန္ဒိယကွန်ဂရက်ကလည်း "ဗိုလ်ချုပ်အောင်ဆန်း ကွယ်လွန်အနိစ္စရောက်ခြင်းသည် မြန်မာနိုင်ငံအဖို့ ဆိုးဝါးသော နစ်နာချက်ကြီးဖြစ်ရုံမက အာရှတိုက်အဖို့လည်း ကြီးလေးသော ဆုံးရှုံးမှုကြီးတစ်ရပ်ဖြစ်သည်။ ဤလုပ်ကြံမှုကြီးသည် ရိုးရိုးလူသတ်မှုမဟုတ်ဘဲ နိုင်ငံရေးအကြံအစည်ရှိသော လူသတ်မှုကြီးဖြစ်လေသည်။ ဤအမှုမျိုးတို့သည် ကမ္ဘာနှင့်အဝှမ်း နိုင်ငံရေးကြိုးပမ်းမှုများ၌ တွေ့ကြုံနေကြရလေရာ ဤအချင်းအရာသည် လူအပေါင်းတို့၏နောင်ရေးအတွက် နိမိတ်မင်္ဂလာမကောင်းပေ" ဆိုပြီး ဝမ်းနည်းကြောင်း အဆိုပြုဆုံးဖြတ်ခဲ့ပါတယ်။

လန်ဒန်မြို့တော်ထုတ် အော့ဗ်ဇားဗား (Obser-ver) သတင်းစာကြီးက "ဗိုလ်ချုပ်ဟာ မိမိကိုယ်ကို မိမိယုံကြည်သူဖြစ်ပြီး ၎င်းလုပ်ကိုင်သမျှဟာလည်း မြန်မာပြည်အတွက်သာဖြစ်သည်"လို့ ချီးကျူးခဲ့တယ်။ ဗိုလ်ချုပ်အောင်ဆန်း ကွယ်လွန်သွားခြင်းကြောင့် မြန်မာ့နိုင်ငံရေးလောကကြီးတစ်ခုလုံး ရှုပ်ထွေးသွားနိုင်စရာအကြောင်းရှိပြီး ဘာဆက်ဖြစ်လာမလဲဆိုတာ မသိနိုင်ဘူး"လို့ ရေးသားခဲ့ပါတယ်။

မြန်မာပြည်ဘုရင်ခံ ဆာဟူးဘတ်ရန့်စ်ကလည်း ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက် ညမှာပဲ မြန်မာ့အသံကနေ ဝမ်းနည်းကြောင်းအသံလွှင့်ပြောကြားရင်း "သူ့ရဲဘောနည်းသူတို့၏အပြုအမူ"လို့ ရှုတ်ချခဲ့သလို အင်္ဂလန်ပါလီမန်က ကွန်ဆာဗေးတစ်နဲ့ လေဘာပါတီအမတ်အသီးသီးကလည်း ထိတ်လန့်အံ့သြဝမ်းနည်းကြောင်း ပြောကြားခဲ့ကြပါတယ်။

သို့ဆိုလင့်ကစား တကယ်တမ်းအားဖြင့်တော့ မြန်မာတစ်မျိုးသားလုံး ထိခိုက်ဆုံးရှုံးနစ်နာစေမယ့် နိုင်ငံတော်လုပ်ကြံမှုကြီး ပေါ်ပေါက်လာသည်အထိ နောက်ကွယ်က အမျိုးမျိုး သွေးခွဲသပ်လျှိုပေးနေတာကတော့ ဗြိတိသျှအစိုးရကိုယ်တိုင်ပဲဖြစ်ပါတယ်။

မြန်မာပြည်လွတ်လပ်ရေးရဖို့ သေချာနေပြီဆိုတော့ နယ်ခြားဒေသတွေမှာ အင်္ဂလိပ်အရာရှိအချို့က တိုင်းရင်းသားတွေကို ပြည်ထောင်စုမှာ မပါဝင်ဘဲ သီးခြားပြည်နယ်ထူထောင်ပြီး ဗြိတိသျှခနေသဟာယထဲမှာ နေရစ်ကြဖို့ စည်းရုံးဝါဒဖြန့်ခဲ့ကြတယ်။ တောင်တန်းဒေသတွေကို ချန်လှပ်ထားနိုင်ရန် အမျိုးမျိုးကြိုးစားခဲ့ကြတယ်။ စတီဗင်ဆိုသူကို နယ်ခြားဒေသဆိုင်ရာ ညွှန်ကြားရေးဝန်ခန့်ပြီး မြန်မာတွေနဲ့ ရှမ်း၊ ကချင်၊ ချင်း စတဲ့တိုင်းရင်းသားလူမျိုးစုတွေ သွေးကွဲအောင်ခြေထိုးစေခဲ့တယ်။

> ၇၆ နှစ်ကြာခဲ့ပြီ။ ၇၆ နှစ်တိုင်ခဲ့ပေမယ့် မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေအရလည်း နိုင်ငံရေးပြဿနာကို အကြမ်းဖက်လက်နက်ကိုင်နည်းလမ်းနဲ့ ဖြေရှင်းကြမယ့်အစား နိုင်ငံရေးနည်းလမ်းဖြင့်သာ စေ့စပ်ဆွေးနွေးအဖြေရှာရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ အမျိုးသားပြန်လည်စည်းရုံးရေးအပြင် ကိုလိုနီနယ်ချဲ့တို့ရဲ့ ခေတ်အဆက်ဆက်သွေးခွဲသပ်လျှိုမှုအန္တရာယ်ကိုလည်း အသိသတိရှိကြဖို့ သမိုင်းသင်ခန်းစာအဖြစ် ပေးနေဆဲဖြစ်

အင်္ဂလိပ်ကုန်သည်ကြီးတွေကလည်း ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်မှာကျင်းပတဲ့ အင်္ဂလိပ်ကုန်သည်များ နှစ်ပတ်လည်အစည်းအဝေးမှာ "ပြည်သူများရဲ့ အကျိုးစီးပွားအတွက် ဗမာ့စီးပွားရေးဖွံ့ဖြိုးမှုကို ဗမာအစိုးရကတာဝန်ယူဆောင်ရွက်မယ်"လို့ ထုတ်ဖော်ပြောကြားမှုကြောင့် သူတို့နှစ်ပေါင်းများစွာ အပိုင်စားရထားတဲ့စားကျက်ပျောက်မှာ စိုးကြောက်လာကြတယ်။

### ကြံစည်လုပ်ဆောင်

နယ်ချဲ့ဗြိတိသျှဟာ တိုးတက်တဲ့နိုင်ငံရေးအယူအဆရှိတဲ့ ဗိုလ်ချုပ်အောင်ဆန်းကို မလိုလားတဲ့အပြင် ဗိုလ်ချုပ်သာဆက်ရှိနေမယ်ဆိုရင် လွတ်လပ်ခါစ မြန်မာနိုင်ငံအပေါ် ဆက်လက်ကုပ်သွေးစုပ်နိုင်တော့မှာ မဟုတ်တော့တဲ့အတွက် ဗိုလ်ချုပ်ကို ဖယ်ရှားဖို့ ကြံစည်လုပ်ဆောင်လာကြတယ်။

ကနဦးမှာ ဘုရင်ခံ ဆာဒေါ်မန်စမစ်ဟာ ဂျပန်ပြည် ဆူဂါမိုအကျဉ်းထောင်မှာ အမေရိကန်တို့ဖမ်းဆီးချုပ်နှောင်ထားတဲ့ နန်းရင်းဝန်ဟောင်း ဒေါက်တာဘမော်ကို ပြန်လွှတ်စေတယ်။ နန်းရင်းဝန်ဟောင်း ဦးစောကိုလည်း ယူဂန်ဒါကထုတ်လာပြီး မြန်မာ့နိုင်ငံရေးနယ်တွင်းကို လွှတ်ပေးခဲ့ပြန်တယ်။

ဗြိတိသျှပါလီမန်မှာ မြန်မာပြည်ကို ရောက်ဖူးရုံမက ဗိုလ်ချုပ်အောင်ဆန်းနဲ့ တွေ့ဆုံဖူးပြီး လေးစားမှုရှိတဲ့ လေဘာပါတီအမတ် မစ္စတာဒရိုင်းဘာ့က "ဗိုလ်ချုပ်အောင်ဆန်းကို ယှဉ်ပြိုင်လို့ရမယ်မှတ်လို့ ဦးစောတို့နဲ့တိုက်ပေးတာလား။ နောက်ပွဲထုတ်စရာ ဦးစောတို့လို လူများရှိသေးသလား"လို့ အစိုးရလုပ်ပုံကို ခနဲ့တဲ့တဲ့ မေးခွန်းထုတ်ခဲ့တဲ့အထိပါ။ အစိုးရကတော့ "ဦးစောဟာ လွတ်လပ်သော လူ့အခွင့်အရေးအရ နိုင်ငံရေးလုပ်တယ်၊ တားမြစ်လို့မရပါ"လို့ ဖြေကြားသွားခဲ့ပါတယ်။

ဆာဒေါ်မန်စမစ်အစား အသစ်ရောက်လာတဲ့ ဆာဟူးဘတ်ရန့်စ်ကလည်း ဘုရင်ခံရဲ့ အမှုဆောင်ကောင်စီ အစိုးရအဖွဲ့သစ်အတွင်းမှာ ဗိုလ်ချုပ်ကို တန်းညှိနိုင်ဖို့အတွက် ဦးစော၊ သခင်ဗစိန်နဲ့ စောဘဦးကြီးတို့ကို ထည့်သွင်းဖွဲ့စည်းပေးခဲ့ပါတယ်။

### တိုင်းရင်းသားသစ္စာဖောက် လက်ပါးစေတွေကို ရှာဖွေ

နိုင်ငံရေးအရ တန်းညှိထိန်းချုပ်လို့မရတဲ့အခါမှာတော့ ပရိယာယ်အရာမှာ အလွန်ပါးနပ်လိမ္မာတဲ့ ဗြိတိသျှနယ်ချဲ့သမားဟာ ဗိုလ်ချုပ်အောင်ဆန်းကို မိမိတို့ကိုယ်တိုင် သုတ်သင်ရှင်းလင်းခြင်းမပြုဘဲ သုတ်သင်ရှင်းလင်းပေးမယ့် တိုင်းရင်းသားသစ္စာဖောက် လက်ပါးစေတွေကို ရှာဖွေခဲ့ပါတယ်။ အဲဒီမှာ နန်းရင်းဝန်ဟောင်း ဦးစောကို တွေ့သွားပါတယ်။

ဦးစောဟာ ခေါင်းဆောင်ကြီးလုပ်လိုတယ်။ ခေါင်းဆောင်ကြီးဖြစ်ဖို့လည်း အမျိုးမျိုးကြိုးစားခဲ့တယ်။ အာဏာကိုင်မ်းငမ်းတက်လိုချင်နေတဲ့ ဦးစောဟာ ဗိုလ်ချုပ်အောင်ဆန်းကို မနာလိုမရှုဆိတ်နိုင်ဘူးဖြစ်နေခဲ့တယ်။ ထိုအတောအတွင်းမှာ ဗိုလ်ချုပ်အပေါ် အထင်လွဲစရာ အကြောင်းတစ်ရပ်ကလည်း ဖြစ်ပေါ်ခဲ့ပါတယ်။ ဦးစော သေနတ်အပစ်ခံရပြီး မျက်စိတစ်ဖက် ဒဏ်ရာရသွားခဲ့တဲ့ကိစ္စဖြစ်ပါတယ်။

ဒီလိုနဲ့ မြန်မာပြည်ကို မည်ကာမတ္တ လွတ်လပ်ရေးလောက်သာပေးပြီး ဆက်လက်သွေးစုပ်ခြယ်လှယ်လိုတဲ့ နယ်ချဲ့သမားတွေနဲ့ ဗိုလ်ချုပ်အောင်ဆန်းအပေါ် မနာလိုဖြစ်ကာ အထင်လွဲနေတဲ့ ဦးစောတို့ ပူးပေါင်းမိသွားခဲ့ပါတယ်။

လွတ်လပ်ရေးရဖို့ နီးကပ်လာလေလေ အင်္ဂလိပ်အရာရှိကြီးတွေနဲ့ အပေါင်းပါတွေဟာ ဦးစောအိမ်ကို အဝင်အထွက်များလာလေ ဖြစ်လာကြတယ်။

စာမျက်နှာ ၇ သို့ ✤

## အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ❖ ဘောပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- ❖ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျ တပ်ဆင်ရန်။
- ❖ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ❖ ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန်တိုင်းတာခြင်း အပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်း နံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်(နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်) ဝန်ထမ်းကတ်(သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ❖ ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း အပါအဝင် သံသယဖြစ်ဖွယ် လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ❖ အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ❖ အာဇာနည်ဗိမာန်ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့် တစ်ဦး(၆)ပေခြား၍ (၁)ကြိမ်လျှင် (၁၀)ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြု အလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့် တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- ❖ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ❖ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။
- ❖ အစုလိုက် အလေးပြုသည့်အချိန်အား (၁၀)မိနစ်ထက် ပိုမကြာစေရန်။

## အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ❖ ဘောပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့် ကော်ပိုက်/သံပိုက်များ ယူဆောင်၍ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- ❖ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျ တပ်ဆင်ရန်။
- ❖ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ❖ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းဆုံ၊ သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းဆုံတို့တွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုး စစ်ဆေးခြင်း၊ အတွင်းဝန်ရုံး(ဝန်ကြီးများရုံး)ဝင်ပေါက်တွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်) ဝန်ထမ်းကတ်(သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/ Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ❖ ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ❖ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ❖ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- ❖ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ❖ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

## မအူပင်မြို့နယ် တိုးမြစ်သဘာဝရေပြင်အတွင်း ငါးသားပေါက်ကောင်ရေ လေးသိန်း မျိုးစိုက်ထည့်

မအူပင် ဇူလိုင် ၁၃

မအူပင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနက မအူပင်မြို့ တိုးမြစ်သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇူလိုင် ၈ ရက် နံနက် ၉ နာရီက ရွှေမာလာလှေဆိပ်၌ ကျင်းပခဲ့သည်။

ငါးမျိုးစိုက်ထည့်ခြင်းအား မအူပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးနှင့် အဖွဲ့ဝင်(၁) ဗိုလ်မှူးကြီးနိုင်လွင်၊ အဖွဲ့ဝင်(၂) ငါးမျိုးစိုက်ထည့်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးခင်လှိုင်၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဆန်းဝင်း၊ ငါးလုပ်ငန်းအဖွဲ့ချုပ်အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မ(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်/ကျေးအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက တလုပ်လုငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ လေးသိန်းအား မျိုးစိုက်ထည့်ခဲ့ကြောင်းသိရသည်။

သတင်းစဉ်

■

❖ စာမျက်နှာ ၆ မှ

အင်္ဂလိပ်စစ်ဗိုလ် အသိမိတ်ဆွေများထဲက မေဂျာယမ်းနဲ့ ကပ္ပတိန်ဗီဖြင်တို့နဲ့ ဦးစော အဆက်အသွယ်ရသွားတယ်။ ဦးစောက မေဂျာယမ်းကို လက်နက်တွေရလိုကြောင်းပြောတော့ မေဂျာယမ်းက ကပ္ပတိန်ဗီဖြင်ကို ဦးစောနေအိမ်ကိုခေါ်သွားပြီး ဆက်သွယ်ပေးခဲ့ပါတယ်။

ကပ္ပတိန်ဗီဖြင်က ဘရင်းဂန်းသေနတ်အလက် ၂၀၀ ကို လက်မှတ်အတုနဲ့ ထုတ်ယူနိုင်ကြောင်း ပြောတော့ ဦးစောက "များလွန်းပါတယ်"လို့ ဆိုပါတယ်။ ဗီဖြင်က "ယူရင်တော့ ၂၀၀ လုံးထုတ်ယူပါ တစ်လက်၊ နှစ်လက်ယူထားပြီး ကျန်လက်နက်များကို ဖျက်ဆီးပစ်ပါ"လို့ အတန်တန်ပြောမှ ဦးစောက သဘောတူခဲ့ပါတယ်။

ဦးစောဟာ ၁၉၄၇ ခုနှစ် မေလခန့်မှာ ဗီဖြင်နဲ့ တွေ့တွေ့ဆိုင်ဆိုင်လက်နက်ကိစ္စကို စကားဆိုပြီး ဇွန်လဆန်းမှာ ပြင်ဆင်မှုတွေ လုပ်ခဲ့ပါတယ်။ ဇွန်လ ၂၄ ရက်နေ့မှာတော့ ဘညွန့်ခေါင်းဆောင်တဲ့ ဦးစောရဲ့လူတွေက ဗိုလ်တထောင်လက်နက်တိုက်ကို သွားရောက်ခဲ့ပြီး လက်မှတ်တုနဲ့ ဘရင်းဂန်းသေနတ်အလက် ၂၀၀ နဲ့ ပြောင်းပို ၂၀၀ တို့ကို အခက်အခဲမရှိ ထုတ်ယူခဲ့ကြပါတယ်။ ဇူလိုင်လဆန်းမှာလည်း ရိုင်ဖယ်ကျည်ဆန် တစ်သိန်း၊ စတင်းကျည်ဆန်နှစ်သောင်းကျော်နဲ့ လက်ပစ်ဗုံး အလုံး ၂၀၀ အပါအဝင် ခဲယမ်းမီးကျောက်တွေကို ယခင်နည်းလမ်းအတိုင်း သွားရောက်ထုတ်ယူခဲ့ကြပြန်ပါတယ်။

လုပ်ကြံမှုကြီးအပြီးမှာတော့ အထူးတရားရုံးက ကပ္ပတိန်ဗီဖြင်ကို ထောင်ဒဏ် ငါးနှစ်၊ မေဂျာယမ်းကို ထောင်ဒဏ် နှစ်နှစ်ချမှတ်ခဲ့ပါတယ်။ နောက်ပိုင်းမှာ ဗီဖြင်ဟာ အင်းစိန်မြို့ကို ကေအင်ဒီအိုသောင်းကျန်းသူတွေ ဝင်ရောက်တပ်စွဲစဉ်ကာလ အကျဉ်းထောင်ပေါက်တဲ့အခါ ကေအင်ဒီအိုသောင်းကျန်းသူတွေနဲ့ ပူးပေါင်းလိုက်ပါသွားပြီး ၁၉၅၁ ခုနှစ် ဩဂုတ်လမှာ လှိုင်းဘွဲ့နယ်မှာ တပ်မတော်စစ်ကြောင်းနဲ့ တိုက်ပွဲဖြစ်ပွားစဉ် စောဘဦးကြီးနဲ့အတူ သေဆုံးသွားခဲ့ပါတယ်။ မေဂျာယမ်းကတော့ အယူခံဝင်ရာမှာ တရားသေ လွတ်သွားခဲ့တယ်။ မေဂျာယမ်းကို လွှတ်ပြီးနောက်တစ်နေ့မှာပဲ မြန်မာနိုင်ငံက ထွက်ခွာသွားနိုင်အောင် ဗြိတိသျှသံရုံးက စီစဉ်ပေးခဲ့ပါတယ်။

လုပ်ကြံမှုကြီးရဲ့ အဓိကတရားခံ ဦးစော၊ မောင်စိုး၊ သက်နှင်း၊ မောင်စိန်(ခ)စိန်ကြီး၊ ရန်ကြီးအောင်နဲ့မှုံကြီးတို့ကို အထူးရာဇဝတ်ခုံရုံးက သေဒဏ်ချမှတ်ခဲ့ပြီး မောင်နီ၊ သုခ၊ ခင်မောင်ရင်တို့ကို မူလသေဒဏ်အစား နိုင်ငံတော်သမ္မတက တစ်သက်တစ်ကျွန်းသို့ ပြောင်းလဲအမိန့်ချခဲ့ပါတယ်။ ဘညွန့်ကိုတော့ အစိုးရသက်သေ (ဖော်ကောင်)အဖြစ် လွတ်ငြိမ်းခွင့်ပေးခဲ့ပါတယ်။

**ဗမာ့ဝင့်ကြွေး**

၁၉၄၈ ခုနှစ် မေလ ၈ ရက်နေ့မှာ နိုင်ငံတော်လုပ်ကြံမှုတရားခံတွေဖြစ်ကြတဲ့ ဦးစောနဲ့ ကြံရာပါ ငါးဦးတို့ကို ကြိုးဒဏ်စီရင်ခဲ့ပါတယ်။ မေလ ၁ ရက်နေ့ထုတ် အိုးဝေသတင်းစာရဲ့ "ဤမိုးဤမြေ" ကဏ္ဍမှာ ဆောင်းပါးရှင် မောင်သုမနက "ဗမာ့ဝင့်ကြွေး" ခေါင်းစဉ်နဲ့ "မေလ ၈ ရက်နေ့မှာ ဦးစောကိုကြိုးပေးတော့မယ်။ ဒီသတင်းမျိုးကြားရတာ စိတ်ညစ်တယ်ဗျာ။ အခုအချိန်မှာ တိုင်းသူပြည်သားအားလုံးလဲ ဒီသတင်းမျိုးကို ကြားချင်သူရှိမှာမဟုတ်ဘူး။ အစက ဒီလိုအဖြစ်မျိုးရောက်အောင် မဖန်တီးခဲ့ကြရင်ကောင်းမှာပဲ။ ဗိုလ်ချုပ်အောင်ဆန်းတို့လည်း မသေမပျောက်ဘဲ ပျော်ပျော်ရွှင်ရွှင် ရှိနေစေချင်တယ်။ ဦးစောလဲ အခုလို သားမယားနဲ့ ကွေကွင်းရမယ့်အဖြစ်ကို မမြင်ရက်ဘူး။ အမိမြန်မာပြည်ရဲ့ သားကြီးများပီပီ အချင်းချင်းသင့်မြတ်ခင်မင်စွာ တိုင်းကျိုးပြည်ကျိုးဆောင်နေကြတာပဲ တွေ့မြင်ချင်တာပဲ။

မောင်သုမနဟာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဦးစောတို့ ရင်းရင်းနှီးနှီးရှိခဲ့ကြတဲ့အချိန်ကို ပြန်ပြောင်းအောက်မေ့မိတယ်။

**"စစ်ဘေးစစ်ဒဏ်များ ဆိုက်ရောက်ပြီးခဲ့တဲ့ မြန်မာပြည်မှာ နိုင်ငံခေါင်းဆောင်များဟာ အချင်းချင်း ခြေထိုးမှုများ မလျှော့နိုင်ကြပေမယ့် အကြမ်းပတမ်း တရားလက်လွတ်မဖြစ်အောင် အထူးဆင်ခြင်ပြီး နေကြမယ်လို့တော့ ဆုတောင်းခဲ့ကြတယ်။ ဆုတောင်းရင်းပဲ ဦးစောကို သေနတ်ပစ်မှုနဲ့ ဗိုလ်ချုပ်အောင်ဆန်းတို့ကို လုပ်ကြံမှုကြီးတွေဟာ ကျွန်တော်တို့ အားလုံးကို ယူကြုံးမရဖြစ်စေခဲ့ပါတယ်။**

**ဒီအမှုကြီးကို အစအဆုံးတရားအတိုင်း စီရင်ပြီးရင် အမိမြန်မာပြည်ကြီးဟာ နောင်အခါမှာ ဒီလို ပူဆွေးဒုက္ခမျိုး ဘယ်တော့မှမရောက်ပါစေနဲ့လို့ လှိုက်လှဲစွာဆုတောင်းပါတယ်။ ဒီလိုအဖြစ်မျိုး နောင်မှာမဖြစ်ရအောင် နိုင်ငံရေးခေါင်းဆောင် လုပ်သူများ အထူးသတိပြုကြပါခင်ဗျား။**

**တမလွန်ဘဝတွင် ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဦးစော ပြန်လည်မိတ်ဆက်ကာ လွတ်လပ်တဲ့ ဗမာပြည်၌ ညီရင်းအကိုများအဖြစ် ပြန်လည်မွေးဖွားပြီး တိုင်းပြည်အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ကြပါစေ ဆုတောင်းပါတယ်။ လွတ်လပ်သောမြန်မာပြည်ကြီး တည်တံ့ပါစေသော်"** စသဖြင့် ရေးသားခဲ့ပါတယ်။

**သမိုင်းသင်ခန်းစာအဖြစ် ပေးနေဆဲ**

၇၆ နှစ်ကြာခဲ့ပြီ။ ၇၆ နှစ်တိုင်ခဲ့ပေမယ့် မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေအရလည်း နိုင်ငံရေးပြဿနာကို အကြမ်းဖက်လက်နက်ကိုင်နည်းလမ်းနဲ့ ဖြေရှင်းကြမယ့်အစား နိုင်ငံရေးနည်းလမ်းဖြင့်သာ စေ့စပ်ဆွေးနွေး အဖြေရှာရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ အမျိုးသားပြန်လည်စည်းရုံးရေး အပြင် ကိုလိုနီနယ်ချဲ့တို့ရဲ့ ခေတ်အဆက်ဆက်သွေးခွဲသပ်လျှိုမှု အန္တရာယ်ကိုလည်း အသိသတိရှိကြဖို့ သမိုင်းသင်ခန်းစာအဖြစ် ပေးနေဆဲဖြစ်ကြောင်းပါ။ ။

**ကိုးကား**

- **တရားသူကြီးချုပ် ဒေါက်တာမောင်မောင်၏ "နိုင်ငံတော်လုပ်ကြံမှု(ပြည်ထောင်စုနှင့် ဦးစော)**
- **တင်နိုင်တိုး၏ "သတင်းစာများပါ နိုင်ငံတော်လုပ်ကြံမှု နောက်ဆက်တွဲသတင်းများ"**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများအတွက် အလှူငွေကျပ်သိန်း ၁၀၀၀ နှင့် ရခိုင်ပြည်နယ် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအတွက် စာသင်ခုံများဝယ်ယူရန် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၁၃

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ တည်ထားလျက်ရှိသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများအတွက် အလှူငွေကျပ်သိန်း ၁၀၀၀ လှူဒါန်းခြင်းနှင့် ရခိုင်ပြည်နယ် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအတွက် စာသင်ခုံများဝယ်ယူရန် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင်များက လာရောက်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်း လုပ်ငန်းများအတွက် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်နေ ဦးမောင်မောင် Asia Express Yangon Co., Ltd. မိသားစု(ဇမ္ဗူသီရိဟိုတယ်)က အလှူငွေကျပ်သိန်း ၁၀၀၀ ကိုလည်းကောင်း၊ ရခိုင်ပြည်နယ် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအတွက် စာသင်ခုံများဝယ်ယူရန် ရွှေစနေအောင်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာစိုးသိန်းက အလှူငွေကျပ်သိန်း ၁၆၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) အကြံပေးပုဂ္ဂိုလ် ဒေါက်တာအောင်မင်းကျော်သူက အလှူငွေကျပ်



သိန်း ၅၀ နှင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)မှ အလှူငွေကျပ်သိန်း ၃၀ တို့ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်သို့လှူဒါန်းမည့် ကျောက်မျက်ရတနာ ၃၅ မျိုး လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၃

မွန်ပြည်နယ် အာသောကာရာမ ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တမင်္ဂလာဘိဝံသက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ တစ်ဆင့် နိုင်ငံတော်သို့လှူဒါန်းမည့် ကျောက်မျက်ရတနာ ၃၅ မျိုး လွှဲပြောင်းပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန၌ ကျင်းပသည်။



အခမ်းအနားတွင် မွန်ပြည်နယ် မော်လမြိုင်ခရိုင် မုဒုံမြို့နယ် အာသောကာရာမပရိယတ္တိစာသင်တိုက် ဆရာတော်ဘဒ္ဒန္တ မင်္ဂလာဘိဝံသ (နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)ကိုယ်စား မွန်ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စားလှယ်က ကျောက်မျက်ရတနာ ၃၅ မျိုး လှူဒါန်းလိုခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံက နိုင်ငံတော်အစိုးရကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် အာသောကာရာမ ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တမင်္ဂလာဘိဝံသ ကိုယ်စား မွန်ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စားလှယ်က ကျောက်မျက်ရတနာ ၃၅ မျိုးကို ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ ကျောက်မျက်ရတနာ ၃၅ မျိုးကို မော်လမြိုင်မြို့ရှိ ကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ ကျွမ်းကျင်ပညာရှင်များဖြင့် အရည်အသွေးစစ်ဆေးခဲ့ရာ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၂၂၀၀၀ ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုက်ထိုမြို့နယ် ကော့ထင်း-လက်ပြလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

ကျိုက်ထို ဇူလိုင် ၁၃

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျိုက်ထိုမြို့နယ်ကော့ထင်း-လက်ပြလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သထုံခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမိုးရန်နိုင်နှင့် တာဝန်ရှိသူများက ကျိုက်ထိုမြို့နယ် ကော့ထင်း-လက်ပြလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ပစ္စည်းစုဆောင်းထားရှိမှု၊ အဆိုပါလမ်းပေါ်တွင် ကွန်ကရစ်တံတားတစ်စင်းတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကျိုက်ထိုမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု၊ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၉၇၉ ဒသမ ၂၂၂ သန်းဖြင့် ကျိုက်ထိုမြို့နယ်အတွင်း ကတ္တရာလမ်းခြောက်လမ်း၊ ကွန်ကရစ်တံတားတစ်စင်းနှင့် Box Culvert ငါးစင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါလုပ်ငန်းများကို ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျေးလက်လမ်း၊ တံတားများ ရာသီမရွေးအသုံးပြုသွားလာနိုင်စေရန် ရည်ရွယ်၍ ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# ဟုမ္မလင်းမြို့၌ မက္ကဒေးမီးယားစိုက်ပျိုးပြုစုထိန်းသိမ်းခြင်းနှင့် အဆင့်မြင့်မှိုင်းခံရော်ဘာပြားထုတ်လုပ်ခြင်း နည်းပညာသင်တန်းဖွင့်ပွဲကျင်းပ

ဟုမ္မလင်း ဇူလိုင် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကျင်းပသော မက္ကဒေးမီးယားစိုက်ပျိုးပြုစုထိန်းသိမ်းခြင်းနှင့် အဆင့်မြင့်မှိုင်းခံရော်ဘာပြားထုတ်လုပ်ခြင်း နည်းပညာသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်စုစုထွေးက မက္ကဒေးမီးယားစိုက်ပျိုးပြုစုထိန်းသိမ်းခြင်းနှင့် အဆင့်မြင့်မှိုင်းခံရော်ဘာပြားထုတ်လုပ်ခြင်း နည်းပညာသင်တန်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းများဆက်လက်ပို့ချခဲ့ရာ သင်တန်းဆရာ ဦးတင်နိုင်ထွန်းက မက္ကဒေးမီးယားစိုက်ပျိုးပြုစုထိန်းသိမ်းခြင်းနှင့်ပတ်သက်၍ ပညာပေးဆွေးနွေးခြင်း၊ နှစ်ရှည်ပင်များနည်းပညာပေးစခန်း နမ့်စန်မြို့နယ် ရှမ်းပြည်နယ်(တောင်ပိုင်း) ခြံတာဝန်ခံ ဦးစိုးမင်းက မက္ကဒေးမီးယား အစို့ဖောက်ခြင်းနှင့်ကိုင်းကူးကိုင်းဆက်နည်းပညာ ဆွေးနွေးပို့ခြင်း၊ ခန္တီးခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဦးစီးအရာရှိ ဦးမင်းမင်းဇော်က အဆင့်မြင့်မှိုင်းခံရော်ဘာပြား ထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ နည်းပညာပေးဆွေးပို့ချသည်။

အဆိုပါသင်တန်းကို သင်တန်းဆရာ ဆရာမများက စာတွေ့လက်တွေ့ နှစ်ရက်သင်ကြားပေးသွားမည်ဖြစ်ပြီး ဟုမ္မလင်းမြို့နယ်အတွင်းမှ သင်တန်းသားသင်တန်းသူ ၃၀ တက်ရောက်ကြကြောင်း သိရသည်။

**ဟုမ္မလင်း(ပြန်/ဆက်)**

# ပြင်ဦးလွင်မြို့၌ ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူ

ပြင်ဦးလွင် ဇူလိုင် ၁၃

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူပြီး Unique ID (UID) ထုတ်ပေးခြင်းလုပ်ငန်းများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ကျော်ထွန်းနှင့် အဖွဲ့ဝင်များ၊ ပြင်ဦးလွင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်လွင်နှင့် အဖွဲ့ဝင်များ၊ ပြင်ဦးလွင်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်လွင်ဦးနှင့် အခြေခံပညာ ဦးစီးဌာနမှ



တာဝန်ရှိသူများက ပြင်ဦးလွင်မြို့နယ် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား ဇီဝဆိုင်ရာ အချက်အလက်များ ကောက်ယူနေမှုများကိုသွားရောက်ကြည့်ရှုသည်။

အဆိုပါ လုပ်ငန်းများကို ဇွန် ၂၆ ရက်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဇူလိုင် ၁၂ ရက်အထိ ၁၆၀၄ ဦးခန့်အား Unique ID ထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။

**ခရိုင်( ပြန်/ဆက်)**

# ကြောင်သူတော် ကြွက်သူခိုးတွေ ...

**ကျော်မြင့်ထွန်း (ပါရီ)**

လွယ်လွယ်ကူကူ အန္တတ္တသညာ ခေါ်စရာအဖြစ် သူတို့ကို **“အတ္တဟိတ သမားတွေ”** (အတ္တကြီးသူတွေ) လို့ ခေါ်လိုက်ပါရစေ။

ဒီ **“အတ္တဟိတသမားတွေ”** ဟာ ဆယ်စုနှစ်ပေါင်းများစွာကြာအောင် **“ဒီမိုကရေစီ”** နဲ့ **“လူ့အခွင့်အရေး”** မျက်နှာဖုံးစွပ်ပြီး ဖွံ့ဖြိုးဆဲကမ္ဘာက နိုင်ငံငယ်လေးတွေအပေါ် နိုင့်ထက်စီးနင်းပြုကျင့်လာတာ ကြာပါပြီကော။ ဟုတ်တယ်မဟုတ်လား အရပ်ကတို့။

တရုတ်နဲ့ ရုရှားနိုင်ငံတွေ ကျွန်တော်ပြောလိုရင်းကို ကျေးဇူးပြုပြီး အာရုံစိုက် ပေးကြစေလိုပါတယ်။ သိကြားစေသက်သေညွှန်းလိုပါတယ်။

**အတ္တဟိတသမားတွေ**

ဂျီနီဗာနဲ့ နယူးယောက်မြို့ကြီးတွေရှိ ဆင်စွယ်မျှော်စင်တွေထဲ ရှိနေကြတဲ့ အတ္တဟိတသမားတွေ (ကိုယ့်ကိုယ်ကို ဖြောင့်မတ်တည်ကြည်သူတွေအဖြစ် ဂုဏ်တင်ထားသူတွေ၊ လက်တွေ့ဘဝနဲ့ကင်းကွာနေတဲ့ ရေပေါ်ဆီ၊ လူ့မလိုင်အလွှာဝင်တွေ) အားလုံးကို ကျွန်တော်က ဒီနေရာက အသိအမှတ်ပြုလိုက်ပါရစေ။ ဒီမြို့ကြီး နှစ်မြို့မှာ **“အထူးအစီအရင်ခံစာရေးသူတွေ”၊ “အထူးသံတမန်တွေ”၊ “ကော်မရှင်တွေ”၊ “ပါရဂူများအဖွဲ့တွေ”၊ “အထက်တန်း ကျွမ်းကျင်ပညာရှင်တွေ”** စသည် ရှိနေကြပါတယ်။

ပါရီမြို့ကြီး ရက်ပေါင်းကြာရှည် လောင်မြိုက်နေဆဲပါတကား။ နိုင်ငံအတွင်း အခြားမြို့ကြီးတွေအထိ ဝရုန်းသုန်းကားဖြစ်မှုတွေ ကူးစက်နေဆဲပါတကား။ အတ္တဟိတသမားတွေကတော့ ဒုံးဝေးနေကြတုံးပါ။ တစ်နံတစ်လျား ကျယ်ပြောလှတဲ့ အသင်းအပင်းတွေထဲ ကျင်လည်နေကြတဲ့ အတ္တကြီးသူတွေကတော့ ဘာကြေညာချက်၊ ဘာရှုတ်ချချက်ကိုမှ မထုတ်ဘဲ တုံဏှိဘာဝေ ဆိတ်ဆိတ်နေကြလေရဲ့။


HYPOCRITES

By Kyaw Myint Htun (Paris)

FOR ease of reference, let's refer to them as "SAPs", as in "self-absorbed people".

All the countries in the developing world, that have been bullied under the pretence of "democracy" and "human rights" by all these SAPs for decades, take note.

China and Russia, please note.

Shout out to all these self-absorbed and self-proclaimed "righteous", out-of-touch SAPs in the Ivory Towers in Geneva and New York! Paris is burning! Where are all these so-called "rapporteurs", "special envoys", "commissions", "groups of experts", "high-level experts", etc.?

Paris has been burning for days. Violence has spread to other cities across the country. SAPs have been slowed to catch up. Let alone a condemnation, there have been no statements of any kind from the SAPs across their sprawling organizations. A lone statement was made by a spokesperson in a Geneva-based outfit calling for "action", which was brushed aside by France as baseless. Since, there's not a single whisper. They are busy trying to open offices in India and China. Hey, Paris is just a short flight away from Geneva. Go pay a visit! Go to Lausanne where there are riots. Just take a train to Lausanne. When it comes to a country of their "Uncles" and "Aunties" they don't dare to say or do a thing.

One of their major organizations is even based in Paris. Everyone is quiet! This is one of the Western countries most of them plan to live in after retirement. They don't want to jeopardize any future chances of a comfortable retirement, visiting professor roles at prestigious universities, being enlisted as "experts" by think tanks, etc. SHHH!!!!! Let's not say anything.

Imagine similar development in Russian or China? SAPs would immediately demand a "fact-finding" visit. That "fact-finding" is one of their favourite expressions. After that, endless commissions and groups would be created to pay the way for endless investigations. Resolutions would be passed. If the country is a small developing (Paris) nation, sanctions would be imposed. They could go on and on.

Fighting against bullying is one of their favourite subjects. But they are the biggest bullies. They are experts at how to bully small developing countries. Multiple "Envoys" and "Representatives" would be appointed. Just look at how many such positions have been created for Myanmar. They use these positions to attack Russia and China. But when the big ones are involved, they can't say or do a thing. They are PNGd by the Western countries. So-called Human Rights experts are barred from visits. Life goes on! No one says a thing. But if similar actions are taken by small countries, watch out! There would be an onslaught of pressure.

Yes, they also love to travel. At one point around 2012-2013, just as Myanmar was just opening up, there were three Heads of Agencies visiting the country at once. Three! They arrive in the country. Travel to Bagan together. Have a sip together in a luxurious hotel lounge together. Life is good! But people in the small countries they are supposed to serve continue to suffer.

Recently SAPs were kicked out of Mali. Hallelujah! Now the citizens of Mali can truly create peace and genuinely rebuild their country. What did the SAPs achieve in Mali? Haiti should consider the same.

They are unable to treat and pay respect to people in small countries at the same level as those in big countries.

They will not bring any solution to the problems in Myanmar. They are SAPs oblivious to the problems, cultures and traditions of small countries. ■

ဂျီနီဗာ အခြေစိုက် ဌာနန္တရတစ်ခုရဲ့ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးကတော့ **“လုပ်ကြပါဦး”** ဆိုပြီး တစ်စောင်တည်းသော ကြေညာချက်ကို ထုတ်ပြန်ထားတယ်။ ဒါပေမဲ့ အခြေအမြစ်မရှိတာလို့ဆိုပြီး ပြင်သစ်က ပုတ်ထုတ်လိုက်တယ်။ အဲဒီကတည်းက နောက်ထပ်ဘယ်သူကမှ လေသံမဟကြတော့ဘူး။ သူတို့အနေနဲ့ အိန္ဒိယနဲ့တရုတ်နိုင်ငံတွေမှာ ရုံးခွဲသစ်တွေ ထပ်တိုးဖွင့်ဖို့ပဲ အလုပ်ရှုပ်နေကြလေရဲ့။

“အရပ်ကတို့ရေ ဂျီနီဗာကနေ ပါရီကို လေယာဉ်စီးခရီးသွား၊ ခရီးမဝေး အနီးကလေးပဲ။ သွားဖြစ်အောင်သွားလိုက်ပေါ့။ အဓိကရုဏ်းတွေ ဖြစ်နေတဲ့ လော်ဆိန်းကိုလည်း အရောက်သွားပါဦး။ ဦးကြီးတော်တွေ၊ ကြီးတော်တွေ နေထိုင်တဲ့ နိုင်ငံကို ရောက်ပြီဆိုမှတော့ သူတို့ မကြိုက်တာပြောရဲ၊ လုပ်ရဲပါဦးမလား။

သူတို့ရဲ့အဖွဲ့အစည်းတွေထဲက အဖွဲ့အစည်းတစ်ခုကတော့ ပါရီမှာ တည်ရှိနေတော့ ဘယ်သူမှအသံမထွက်ရဲကြဘူး။ အနောက်တိုင်းနိုင်ငံ တစ်နိုင်ငံဆိုတော့ သူတို့ အငြိမ်းစားယူပြီးတဲ့အခါ အေးအေးဆေးဆေး အခြေချနေထိုင်ကြဖို့အစီအစဉ်တွေလည်းရှိမှာပေါ့။ အငြိမ်းစားဘဝမှာ သက်သောင့်သက်သာ နေထိုင်သွားနိုင်မယ့် အနာဂတ်အခွင့်အရေးကို သူတို့ ပျက်စီးမခံလိုကြဘူး။ ဩဇာတိက္ကမ ကြီးမားလှတဲ့ တက္ကသိုလ်ကြီးတွေမှာ ဧည့်ပါမောက္ခရာထူးရဖို့၊ ဉာဏ်ကြီးရှင်အဖွဲ့တွေမှာ **“ကျွမ်းကျင်သူ ပညာရှင်”** အဖြစ် နေရာရဖို့ စိတ်ကူးထားကြတော့ **“ရှီး”** တိတ်တိတ် နေလိုက်စမ်းလို့ပဲ ဆိုချင်ပါတယ်။

တကယ်လို့သာ ရုရှား သို့မဟုတ် တရုတ်နိုင်ငံမှာ အလားတူ မငြိမ်မသက်မှုမျိုး၊ ဝရုန်းသုန်းကားဖြစ်ပုံမျိုးတွေ ကြုံရမယ်ဆိုရင် အတ္တဟိတသမားတွေ အနေနဲ့ **“အချက်အလက်ရှာဖွေရေး”** ခရီးစဉ်တွေ ချက်ချင်းလက်ငင်းဖြစ်ပေါ်လာမှာပေါ့။ “အချက်အလက်ရှာဖွေရေး” ဆိုတဲ့ စကားကိုတော့ သူတို့နှစ်နှစ်ကာကာသုံးလေ့ရှိတယ်။ ဒီနောက်မှာတော့အဆုံးမထင်တဲ့ စုံစမ်းစစ်ဆေးမှုတွေကို အတောမသတ်နိုင်အောင် တရစပ်လုပ်ကိုင်နိုင်ဖို့ အထူးကော်မရှင်တွေ ဖွဲ့မယ်။ အထူးလုပ်ငန်းအဖွဲ့တွေ ဖွဲ့မယ် မဟုတ်ပါလား။ ပါရီမဟုတ်ဘဲ အရွယ်အစားသေးငယ်တဲ့ ဖွံ့ဖြိုးဆဲနိုင်ငံငယ်တွေမှာဆိုရင်တော့ အရေးယူပိတ်ဆို့မှုတွေလုပ်မယ်။ ထပ်တလဲလဲ ဒဏ်ခတ်မယ်။

အားနွဲ့သူအပေါ် အနိုင်မကျင့်ရေး ဆိုတာ သူတို့ရဲ့စိတ်ကြိုက်ဘာသာရပ်တွေ ထဲက ဘာသာရပ်တစ်ခုပေါ့။ ဒါပေမဲ့ သူတို့ ကိုယ်တိုင်အနိုင်ကျင့်သူတွေ ဖြစ်နေတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံငယ်လေးတွေအပေါ် ဘယ်နည်းဘယ်ပုံ အနိုင်ကျင့်ရမယ်ဆိုတာ သူတို့ နောကျေ နောပါ။ **“အထူးသံတမန်တွေ”၊ “ အထူးကိုယ်စားလှယ်တွေ”** ကို အမျိုးစုံအောင် ခန့်အပ်ကြလိမ့်မယ်။ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး သူတို့ ခန့်အပ်ထားတဲ့ အလားတူ ရာထူးတွေ ဒုနဲ့ဒေးဆိုတာ မြင်သာပါတယ်။

ရုရှားနဲ့တရုတ်ကိုတိုက်ဖို့ ဒီရာထူး ဌာနန္တရတွေကိုသူတို့အသုံးချနေကြတယ်။ ဒါပေမဲ့ တကယ်လို့ အင်အားကြီးနိုင်ငံတွေ ပါဝင်ပတ်သက်နေကြရင်တော့ သူတို့ ဘာမှမပြော၊ ဘာမှမလုပ်ဘဲ လက်ပိုက်ကြည့်နေကြလေရဲ့။ အနောက်တိုင်းနိုင်ငံတွေရဲ့ လက်ကိုင်တုတ်တွေဟာ သူတို့ကိုယ်သူတို့ လူ့အခွင့်အရေး ကျွမ်းကျင်သူတွေဆိုပြီး ရပ်တည်ကြပေမယ့် အင်အားကြီးနိုင်ငံရဲ့ ပြဿနာဆိုရင် လက်ရှောင်၊ အင်အားသေးနိုင်ငံရဲ့ ပြဿနာဆိုရင် လက်မရွံ့စံနှစ်ခုနဲ့ ရပ်တည်ကြတာ။ ဖိအားပေးမှုတွေကို လိုသလိုသုံးတတ်လှချည်ရဲ့။

**အပြေးအလွှားလာခဲ့ကြ**

ခရီးသွားလာခြင်းကို သူတို့နှစ်သက်ကြတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ်ကာလတုန်းကဆိုရင် မြန်မာနိုင်ငံမှာ တံခါးဖွင့်ဝါဒ ကျင့်သုံးလိုက်ချိန် အေဂျင်စီ အကြီးအမှူး သုံးဦးအထိ ကျွန်တော်တို့ရဲ့ နိုင်ငံကို အပြေးအလွှားလာခဲ့ကြတယ်။ သုံးဦးအထိတောင် လာကြတယ်ဆိုပဲ။ သူတို့လာခဲ့ပုံကိုကြည့်ပါဦး။ နိုင်ငံထဲဝင်လာတယ်။ ပုဂံအထိ သွားတယ်။ ဇိမ်ခံဟိုတယ်ခန်းမကြီးထဲ အတူတကွ တစိမ့်စိမ့်သောက်တယ်။ သူတို့အတွက် ဘဝဟာစိုပြည်လွန်းလှတယ်။ ဒါပေမဲ့ နိုင်ငံငယ်လေးတွေက ပြည်သူတွေကို ကြည့်လိုက်ပြန်တော့ လူမှုဘဝတွေမှာ ဒုက္ခပင်လယ်ဝေနေဆဲပါ။

မကြာသေးမီကတော့ အတ္တဟိတသမားတွေကို မာလီနိုင်ငံက ကန်ထုတ်လိုက်တယ်။ မာလီပြည်သူတွေ **“ဝေးဟေးဟေး”** လို့ဟစ်ကြွေးကြတယ်။ အခုအချိန်မှာတော့ မာလီပြည်သူတွေဟာ စစ်မှန်တဲ့ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ပါပြီ။ သူတို့ရဲ့ နိုင်ငံကို သူတို့ကိုယ်တိုင် ပြန်လည်တည်ဆောက်နိုင်ပါပြီ။ မာလီမှာ အတ္တဟိတသမားတွေ ဘာတွေ အောင်မြင်မှုရခဲ့ပါသလဲ။ မာလီနိုင်ငံက သာဓကဆောင်ပါတယ်။ အတ္တဟိတသမားတွေဟာ နိုင်ငံအကြီး၊ အငယ်အပေါ်မူတည်ပြီး ပြုမူဆက်ဆံနေကြပုံက ထင်ရှားပါတယ်။

အတ္တဟိတ သမားတွေဟာ မြန်မာနိုင်ငံရဲ့ ပြည်သူတွေအတွက် အဖြေမထုတ်ပေးနိုင်ပါဘူး။ အတ္တဟိတ သမားတွေဟာ ပြဿနာတွေရဲ့ အတိမ်အနက်ကိုလည်း မသိ၊ နိုင်ငံငယ်လေး တွေရဲ့ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာ တွေကိုလည်း နားမလည်ရှာကြပါ။

**“အားနွဲ့သူအပေါ် အနိုင်မကျင့်ရေးဆိုတာ သူတို့ရဲ့စိတ်ကြိုက်ဘာသာရပ်တွေထဲက ဘာသာရပ် တစ်ခုပေါ့။ ဒါပေမဲ့ သူတို့ကိုယ်တိုင် အနိုင်ကျင့်သူတွေ ဖြစ်နေတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံငယ်လေး တွေအပေါ် ဘယ်နည်းဘယ်ပုံ အနိုင်ကျင့်ရမယ်ဆိုတာ သူတို့ နောကျေ နောပါ။ “အထူးသံတမန်တွေ”၊ “အထူးကိုယ်စားလှယ်တွေ” ကို အမျိုးစုံအောင် ခန့်အပ်ကြလိမ့်မယ်။ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး သူတို့ခန့်အပ်ထားတဲ့ အလားတူ ရာထူး တွေ ဒု နဲ့ဒေးဆိုတာ မြင်သာပါတယ်**

**အတ္တဟိတသမားတွေဟာ မြန်မာနိုင်ငံရဲ့ ပြည်သူတွေအတွက် အဖြေမထုတ်ပေးနိုင်ပါဘူး။ အတ္တဟိတ သမားတွေဟာ ပြဿနာတွေရဲ့ အတိမ်အနက်ကိုလည်းမသိ၊ နိုင်ငံငယ်လေးတွေရဲ့ ယဉ်ကျေးမှုထုံးတမ်း စဉ်လာတွေကိုလည်း နားမလည်ရှာကြပါ”**

(၁၂-၇-၂၀၂၃ ရက်နေ့ The Global New Light of Myanmar သတင်းစာပါ Hypocrites ဆောင်းပါးကို ဘာသာပြန်ဆိုဖော်ပြလိုက်ပါသည်။)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယီကာကျီရင်ဘတ်မြို့ Ural State Mining University ရှိ ဘူမိဗေဒပြခန်း၊ Museum complex of military and civil equipment of the Ural Mining and Metallurgical Company နှင့် Stone-crafting House ကြည့်ရှုလေ့လာ



**နေပြည်တော် ဇူလိုင် ၁၃**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသော စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယမန်နေ့နံနက်ပိုင်းက ယီယာကျီရင်ဘတ်မြို့ရှိ Ural State Mining University ၏ ဘူမိဗေဒပြခန်းသို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ကြည့်ရှုလေ့လာစဉ် သက်ဆိုင်ရာ တာဝန်ရှိသူများက ခေတ်အဆက်ဆက်မှ ဘူမိဗေဒဆိုင်ရာ စွန့်ဦးရှာဖွေတွေ့ရှိမှုများ၊ သတ္တုတူးဖော်ရေးလုပ်ငန်းများ အဆင့်ဆင့်တိုးတက်ပြောင်းလဲလာမှုနှင့်၊ Ural ဒေသထွက် အဖိုးတန်သတ္တုရိုင်းများကို လိုက်လံရှင်းလင်းပြသရာ ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အဆိုပါမြို့ရှိ Museum complex of military and civil equipment of the Ural Mining and Metallurgical Company တွင် ခင်းကျင်းပြသထားသည့် ဒုတိယကမ္ဘာစစ်အတွင်း အသုံးပြုခဲ့သော သစ်သားကိုယ်ထည် တိုက်လေယာဉ်များ၊ လေကြောင်းရန် ကာကွယ်ရေးလက်နက်များ၊ တင့်ကားများ၊ သင်္ဘောများနှင့် ရှေးယခင်က အသုံးပြုခဲ့ကြသည့် ရေနွေးငွေ့သုံးမီးရထားများကို သွားရောက်ကြည့်ရှုလေ့လာသည်။

**ကြည့်ရှုလေ့လာ**

ယနေ့နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ယီကာကျီရင်ဘတ်မြို့ရှိ Stone-crafting House by Alexey Antonov ကျောက်ဆစ်အနုပညာပြခန်းသို့ သွားရောက်ပြီး ရှေးဟောင်းတိရစ္ဆာန်ကျောက်ဖြစ်ရုပ်ကြွင်းများ၊ ကမ္ဘာ့ဒေသအနှံ့အပြားမှ စုဆောင်းထားသည့် အမျိုးစုံသော ကျောက်များ၊ ထုဆစ်ပြုလုပ်ထားသော အရွယ်အစားမျိုးစုံ ကျောက်ဆစ်ပန်းပုများ၊ ရုရှားနိုင်ငံ၏ ရှေးအကျဆုံးတူးဖော်ရရှိထားသည့် ရွှေများနှင့် ကျောက်သားပန်းချီကားချပ်များကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အလုပ်သမားဝန်ကြီးဌာန မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၃**

အလုပ်သမားဝန်ကြီးဌာန ၂၀၂၃ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်တို့က သတ်မှတ်နေရာများတွင် စိန်တလုံးသရက်ပျိုးပင်များကို ဦးဆောင်စိုက်ပျိုးပေးကြပြီး ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများက ငုစပ်ပင်နှင့် စိန်တလုံးသရက်ပင်များကို ဆက်လက်စိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝန်ထမ်းများစုပေါင်း၍ ပျိုးပင်များ စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ယနေ့ပြုလုပ်သည့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ငုစပ် ၂၈ ပင်၊ စိန်ပန်း ၅၂ ပင်၊ စိန်တလုံးသရက် ၂၂ ပင် စုစုပေါင်း ပျိုးပင် ၁၀၂ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း) (၂၃)နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၃**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)၏ (၂၃)နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများတက်ရောက်ကြပြီး ကျွန်းပင် ၁၅၀၊ စိန်တလုံးသရက်ပင် ၃၀ နှင့် ခရေပင် ၂၀ စုစုပေါင်း အပင် ၂၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ဆက်ကပ်လှူဒါန်းခဲ့**

ထို့နောက် (၂၃)နှစ်ပြည့်နှစ်ပတ်လည်နေ့အခမ်းအနားကို ဆက်လက်ကျင်းပရာ ကျောင်းအုပ်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ပင့်သံဃာခုနစ်ပါးတို့ကို လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ အနုမောဒနာတရား နာယူခြင်း၊ ရေစက်သွန်းချ အမျှပေးဝေခြင်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒဂုံတက္ကသိုလ်၌ (၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ဒဂုံအရှေ့ ဇူလိုင် ၁၃**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒဂုံတက္ကသိုလ်တွင် (၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယမန်နေ့ကကျင်းပခဲ့သည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာနမှ ခရိုင်မှူး ဒေါ်သူဇာလွင်က ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသာထွန်းမောင်ထံ စိုက်ပျိုးမည့်သစ်ပင်များ ပေးအပ်ခဲ့သည်။

**စုပေါင်းစိုက်ပျိုးခဲ့**

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခဆရာ ဆရာမများ၊ အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသန်းသန်းဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသူနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်သူဇာလွင်နှင့် ဌာနဆိုင်ရာများ၊ ဒဂုံတက္ကသိုလ်ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး တက္ကသိုလ်အတွင်းရှိ စာကြည့်တိုက်နှင့် စာသင်ဆောင်များအရှေ့တွင် ကံ့ကော်၊ စိန်ပန်း၊ ခရေ၊ ရေတမာ၊ တည်ပင် စသည့်ပျိုးပင်ပေါင်း ၄၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မှော်ဘီမြို့နယ်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မှော်ဘီ ဇူလိုင် ၁၃**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက နှောကုန်းကျေးရွာအုပ်စု ရွာသစ်ကုန်း အခြေခံပညာ မူလတန်းကျောင်းရှေ့၌ ကျင်းပသည်။



အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးအရာရှိ ဦးသန့်ဇင်ကျော်က စိုက်ပျိုးမည့်ပျိုးပင်များအားပေးအပ်ကာ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများက ကျွန်းပင်၊ ပျဉ်းကတိုးပင်၊ မဟော်ဂနီပင်၊ ခရေပင်၊ ကံ့ကော်ပင်၊ ပျဉ်းမပင် စသည့်ပျိုးပင်ပေါင်း ၃၀၀ ကိုသတ်မှတ်နေရာများ၌ စနစ်တကျ စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **မြင့်ဦး**

# မိုခါမုန်တိုင်းနှင့်စပ်လျဉ်း၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ

တွေ့ဆုံမေးမြန်း-ဝင်းဝင်း

သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာန(Disaster Management Center– DMC)သည် မိုခါမုန်တိုင်းနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ပေးသည့် ဗဟိုဌာနဖြစ်ပါသည်။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအောက်တွင် လုပ်ငန်းကော်မတီ(၁၂)ခု ကို ဖွဲ့စည်းထားရှိပြီး အဆိုပါလုပ်ငန်းကော်မတီများသည် DMC တွင် စုဖွဲ့ကာ မိုခါမုန်တိုင်းနှင့်ပတ်သက်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများကို အရေးပေါ်တုံ့ပြန်ဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်းကော်မတီ (၁၂) ခုအနက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုးနှင့် တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ရပါသည်–


ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုး

**မေး။ ။ မိုခါမုန်တိုင်းနဲ့ပတ်သက်ပြီး ကြိုတင် ပြင်ဆင်မှုတွေ ဘယ်လိုဆောင်ရွက်ခဲ့တယ် ဆိုတာကို သိလိုပါတယ်။**

**ဖြေ။** ။ ကပ္ပလီ ပင်လယ်ပြင်နဲ့ ဆက်စပ်လျက်ရှိတဲ့ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းမှာ ဖြစ်ပေါ်လာမယ့် လေဖိအားနည်းရပ်ဝန်းရဲ့ နောက်ဆက်တွဲအခြေအနေတွေနဲ့ စပ်လျဉ်းပြီး မေလ ၆ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်တဲ့ အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်တွေထဲက ကျွန်တော်တို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းကော်မတီနဲ့သက်ဆိုင်တဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေအတွက် သစ်လုံး၊ သစ်ခွဲသားတွေကို စနစ်တကျ တွက်ချက်ပြင်ဆင်ထားရှိပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှာ ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဗဟိုဌာန (Disaster Management Centre– DMC) ကို မေလ ၈ ရက်နေ့ စတင်ဖွင့်လှစ်ချိန်ကစပြီး လုပ်ငန်းကော်မတီအတွင်းရေးမှူးဖြစ်တဲ့ ကျွန်တော်က နေ့စဉ်ဆောင်ရွက်ပြီးစီးမှု၊ တိုးတက်မှု၊ ရှေ့ဆက်လက်ဆောင်ရွက်မယ့် အစီအစဉ်တွေကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးမှာ တင်ပြဆွေးနွေးတာတွေ ဆောင်ရွက်နေသလို ရာသီဥတုပြောင်းလဲမှုဆိုင်ရာဌာန ညွှန်ကြားရေးမှူး ဦးဆောင်တဲ့အဖွဲ့ကလည်း နေ့စဉ် နံနက် ၈ နာရီကနေ ည ၈ နာရီအထိ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးတွေနဲ့ ဆက်သွယ်ဆောင်ရွက်တာ၊ အစီရင်ခံစာ ပြုစုတင်ပြတာတွေကို ဆောင်ရွက်နေကြပါတယ်။

လုပ်ငန်းကော်မတီအနေနဲ့ မုန်တိုင်းမတိုက်မီကတည်းက ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေအတွက် သစ်လုံး၊ သစ်ခွဲသားတွေကို သစ်တောဦးစီးဌာန မြန်မာ့သစ်လုပ်ငန်းတို့နဲ့ ညှိနှိုင်းပေါင်းစပ်ပြီး စာရင်းဇယားပြုစုတာ၊ တောတွင်းနေရာတွေအပါအဝင် သယ်ယူဖို့လွယ်ကူတဲ့နေရာတွေက သစ်လုံး၊ သစ်ခွဲသား၊ ပင်ကျပ်တိုင်တွေ ဆွဲထုတ်တာ၊ သစ်လုံးတွေကို ခွဲစိတ်ပြီး စုရပ်နေရာတွေကို သယ်ပို့စုပုံတာ၊ ရန်ကုန်ဆိပ်ကမ်းနဲ့ တောင်ကုတ် ဆိပ်ကမ်းတွေကနေ သင်္ဘောတွေနဲ့ စစ်တွေမြို့ကို သယ်ယူပို့ဆောင်နိုင်ဖို့ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာနမှာ နေ့စဉ်ကျင်းပတဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွေမှာ ညှိနှိုင်းတာတွေ ဆောင်ရွက်ခဲ့ပါတယ်။


အသင့်သုံး သစ်ခွဲသားများရရှိရေး ကြိုတင်ခွဲစိတ်နေမှုကို တွေ့ရစဉ်။


သစ်များတင်ချရန် Clark ကားများ စစ်တွေသို့တင်ပို့စဉ်။

**မေး။ ။ မုန်တိုင်း တိုက်ခတ်ပြီး ပြန်လည် ထူထောင်ရေး ဆောင်ရွက်မှုတွေကိုလည်း ပြောကြားပေးစေလိုပါတယ်။**

**ဖြေ။** ။ မုန်တိုင်း တိုက်ခတ်ပြီး နောက်ပိုင်းမှာလည်းမုန်တိုင်း ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှု အများဆုံးဖြစ်တဲ့ ရခိုင်ပြည်နယ်မှာ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့ ဇွန်လ ၂၉ ရက်နေ့အထိ သစ်ခွဲသား ၂၈၈၆ တန်နဲ့ ပင်ကျပ်တိုင် ၂၉၈၂ လုံးကို စစ်တွေမြို့ကို ပို့ဆောင်ပြီးဖြစ်ပါတယ်။ မောင်တောမြို့ သစ်တောဦးစီးဌာနက လွှဲအပ်ခဲ့တဲ့ ပင်ကျပ်တိုင် ၃၃၁ လုံးကိုလည်း မောင်တောမြို့နယ် မြို့ယုကျေးရွာကို ဇွန်လ ၁၈ ရက်နေ့က ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။

သစ်တွေ ခွဲစိတ်ဖြတ်တောက်ဖို့အတွက် လိုအပ်တဲ့ရွှေ့လျားသစ်ခွဲစက် ၁၀ စုံ၊ Chain–saw ၃၉ လက်၊ ယန္တရား (Clark) လေးစီးနဲ့ အင်ဂျင်နီယာနဲ့ ကျွမ်းကျင်ဝန်ထမ်း ၁၂ ဦးကိုလည်း စစ်တွေမြို့ကို ပို့ဆောင်ခဲ့ပြီး ဖြစ်ပါတယ်။

ဒါ့အပြင် ရန်ကုန်ဆိပ်ကမ်းကနေ ပို့ဖို့အတွက် သစ်ခွဲသား ၇၂ တန်ကို ရန်ကုန်သစ်စက်တွေမှာ ထပ်မံခွဲစိတ်စုစည်းထားရှိပါတယ်။ စစ်တွေမြို့ကို ပို့ဖို့အတွက် တောင်ကုတ်မြို့ အငှားစက်တွေမှာ သစ်ခွဲသား လက်ကျန် **၁၃၃ တန်** အသင့်ရှိပြီး သံတွဲမြို့မှာတော့ ထပ်မံခွဲစိတ်ပြီး ထွက်ရှိတဲ့ အသင့်သုံးခွဲသား **၁၈ တန်** ရှိနေပါတယ်။ အားလုံးကို ရခိုင်ပြည်နယ်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေမှာ အသုံးပြုသွားမှာဖြစ်ပါတယ်။ ။

**“ မုန်တိုင်း ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှု အများဆုံး ဖြစ်တဲ့ ရခိုင်ပြည်နယ်မှာ ပြန်လည် ထူထောင်ရေး လုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့ ဇွန်လ ၂၉ ရက်နေ့အထိ သစ်ခွဲသား ၂၈၈၆ တန်နဲ့ ပင်ကျပ်တိုင် ၂၉၈၂ လုံးကို စစ်တွေမြို့ကို ပို့ဆောင်ပြီးဖြစ်ပါတယ်။ မောင်တောမြို့ သစ်တောဦးစီးဌာနက လွှဲအပ်ခဲ့တဲ့ ပင်ကျပ်တိုင် ၃၃၁ လုံးကိုလည်း မောင်တောမြို့နယ် မြို့ယုကျေးရွာကို ဇွန်လ ၁၈ ရက်နေ့က ဖြန့်ဖြူးပေးနိုင်ခဲ့ ”**


မုန်တိုင်းကျရောက်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်ရန် စစ်တွေသို့ သစ်ခွဲသားများ ပို့ဆောင်နေစဉ်။


အသင့်သုံး သစ်ခွဲသားများရရှိရေး ကြိုတင်ခွဲစိတ်ထားစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် (၁၁) ကြိမ်မြောက် တရုတ်- အာဆီယံ နည်းပညာလွှဲပြောင်းဖလှယ်မှုနှင့် ပူးပေါင်းတီထွင်ဆောင်ရွက်မှုညီလာခံ တက်ရောက်



**နေပြည်တော် ဇူလိုင် ၁၃**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပမည့် (၁၁) ကြိမ်မြောက် တရုတ်-အာဆီယံ နည်းပညာလွှဲပြောင်းဖလှယ်မှုနှင့် ပူးပေါင်းတီထွင်ဆောင်ရွက်မှုညီလာခံသို့တက်ရောက်ရန် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့မှထွက်ခွာရာ မြန်မာနိုင်ငံဆိုင်ရာတရုတ်သံရုံးမှ သံမှူး မစ္စဂျိုးလီနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့သို့ရောက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သိပ္ပံနှင့်နည်းပညာဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ် ဦးကျော်စိုးသိန်းတို့က နန်နင်းမြို့ Wuxu အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကွမ်ရှီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရအဖွဲ့ အုပ်ချုပ်ရေးမှူး Mr. Lan Tiani တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံတို့မှ သိပ္ပံနှင့်နည်း ပညာဝန်ကြီးများနှင့်အတူ တက်ရောက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး Mr. Wang Zhigang နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံအကြား သိပ္ပံနှင့်နည်းပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု၊ ပညာတော်သင်စေလွှတ်ရေး၊ နည်းပညာလွှဲပြောင်းမှု၊ သုတေသနပူးပေါင်းဆောင်ရွက်မှု၊ Myanmar Digital Economy Innovation and Entrepreneurship Center ထူထောင်ရေး၊ Food Technology ဆိုင်ရာ သင်တန်းများ၊ သင်ရိုးညွှန်းတမ်းရေးဆွဲခြင်း၊ သင်ကြားရေးနည်းစနစ်များနှင့် အစားအသောက် ဓာတ်ခွဲခန်းများကို နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ရရှိနိုင်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် International Conference Center ဒုတိယထပ်ရှိ Great Conference Hall ၌ ကျင်းပသည့် (၁၁) ကြိမ်မြောက် တရုတ်-အာဆီယံ နည်းပညာလွှဲပြောင်းဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ တက်ရောက်သည်။

အဆိုပါ ဖိုရမ်တွင် တရုတ်၊ ကမ္ဘောဒီးယားနှင့် မလေးရှားနိုင်ငံတို့မှ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဝန်ကြီးများနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်တို့က အမှာစကား ပြောကြားကြသည်။

**တက်ရောက်ဖွင့်လှစ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဝန်ကြီးများနှင့်အတူ "2023 China–ASEAN Innovation and Entrepreneurship Competition" ၏ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဖွင့်လှစ်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Information Hub ရှိ Artificial Intelligence–AI နည်းပညာများနှင့် Digital Economy ဆိုင်ရာ နည်းပညာများကို လေ့လာကြည့်ရှုပြီး Nanning Transportation Vocational School သို့သွားရောက်ကာ သင်ကြားသင်ယူခြင်း ဆောင်ရွက်နေမှု ၊ Workshop များနှင့် LAB ခန်းများတွင် လက်တွေ့ သင်ကြားဆောင်ရွက်နေမှု အခြေအနေများကို လေ့လာကြည့်ရှုသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တရုတ်-အာဆီယံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆန်းသစ်တီထွင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နိုင်ငံတကာဖိုရမ်တက်ရောက်ရန် တရုတ်နိုင်ငံ ကွေ့လင်းမြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံးကျောင်းနှင့် မြို့နယ်များအား ဂုဏ်ပြုချီးမြှင့်




**နေပြည်တော် ဇူလိုင် ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံးကျောင်းနှင့် အောင်ချက်အကောင်းဆုံးမြို့နယ်များအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည်။

**အောင်ချက်ရာခိုင်နှုန်းတိုးလာ**

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်မှုသည် ၂၀၂၂ ခုနှစ်တွင် ၄၇ ဒသမ ၁၈ ရာခိုင်နှုန်းရှိပြီး ယခုနှစ် ၂၀၂၃ ခုနှစ်တွင် ၆၃ ဒသမ ၈၆ ရာခိုင်နှုန်းရှိရာ ယခုနှစ်တွင် အောင်ချက်ရာခိုင်နှုန်း တိုးလာသည်ကို တွေ့ရကြောင်း၊ အောင်ချက်ရာခိုင်နှုန်း မြင့်မားလာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများ၊ သင်ကြားပေးခဲ့ကြသည့် ဆရာ ဆရာမများ၊ ကြိုးစားခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်တွင် ကျင့်သုံးလျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံများနှင့် လိုက်လျောညီထွေမှုရှိပြီး နိုင်ငံတကာပညာရေးနှင့် ရင်ပေါင်တန်းနိုင်သည့် အခြေခံပညာရေးစနစ် ဖြစ်ထွန်းလာစေရေး အားလုံးဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အောင်ချက်အကောင်းဆုံးမြို့နယ် သုံးမြို့နယ်နှင့် ခြောက်ဘာသာဂုဏ်ထူးရရှိကြသည့် ကျောင်းသား ကျောင်းသူ သုံးဦးတို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက (၆)ဘာသာ၊ (၅)ဘာသာ၊ (၄)ဘာသာဂုဏ်ထူးရရှိကြသည့် ကျောင်းသား ကျောင်းသူများ၊ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက် အကောင်းဆုံးကျောင်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ရွှေနံ့သာနှင့် ဂုဏ်ထူးရရှိအောင်သင်ကြားပေးခဲ့သည့် အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)ရွှေနံ့သာမှ ဆရာမတစ်ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် (၆)ဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ (၅)ဘာသာဂုဏ်ထူးရှင် ၂၅ ဦး၊ (၄)ဘာသာဂုဏ်ထူးရှင် ၄၇ ဦး၊ (၃)ဘာသာဂုဏ်ထူးရှင် ၁၂၅ ဦး၊ (၂)ဘာသာဂုဏ်ထူးရှင် ၂၇၉ ဦး၊ (၁)ဘာသာဂုဏ်ထူးရှင် ၉၈၅ ဦး စုစုပေါင်းဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၁၄၆၇ ဦးရှိပြီး အောင်ချက်အကောင်းဆုံးပထမဆုရ ဒက္ခိဏသီရိမြို့နယ်၊ ဒုတိယဆုရ ပျဉ်းမနားမြို့နယ်နှင့် တတိယဆုရ တပ်ကုန်းမြို့နယ်၊ အောင်ချက်အကောင်းဆုံးဆုရ အခြေခံပညာအထက်တန်း(ခွဲ) ရွှေနံ့သာကျောင်းနှင့် ဂုဏ်ထူးရရှိအောင် သင်ကြားပေးခဲ့သည့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရွှေနံ့သာမှ ဆရာမတစ်ဦးတို့ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇူလိုင် ၁၃**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။ **မိုး/ဇလ**

# မြန်အောင်မြို့၌ ကမ်းပြိုမှုဆက်လက်မဖြစ်ပွားစေရန် ဆောင်ရွက်လျက်ရှိ

**မြန်အောင် ဇူလိုင် ၁၃**

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ် မြန်အောင်တာမိုင် (၅/၇) အနီးတွင် ယမန်နေ့က မိုးရွာသွန်းမှုကြောင့် အလျားပေ ၄၀ ခန့် ကမ်းပြိုကျမှု ဖြစ်ပွားခဲ့ရာ ဆည်မြောင်းတာခြေအနီး ရောက်ရှိနေသောကြောင့် ကမ်းပြိုမှု ဆက်လက်ဖြစ်ပွားမှုမရှိစေရန် ဝါးထရံကပ်၍ကာခြင်းနှင့် Floating Unit ဖြင့် ကာကွယ်ခြင်း လုပ်ငန်းများကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**ကြည့်ရှုစစ်ဆေး**

အဆိုပါ မြစ်ကမ်းပြိုကျသောနေရာအား ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ(၂) ဧရာဝတီ တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးတိုးအောင်လင်း၊ မြန်အောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ အဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီးအောင်စိုး၊ အတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး မြင့်ကျော်၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေမင်းထွန်းတို့က ကမ်းပြိုကမ်းစားမှု ဆက်လက်ဖြစ်ပွားမှုမရှိစေရန် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဝင်းက ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့သည်။

မြစ်ကမ်းပြိုကျမှု ဖြစ်ပေါ်ခဲ့သောနေရာအနီးရှိ ရေကာတာမှာ ၂၀၁၉ ခုနှစ်၌ တာလုံးရွှေ့ခြင်း၊ ပန်းတာ တည်ဆောက်ခြင်း ဆောင်ရွက်ထားသော ရေကာတာဖြစ်ပြီး မီးရထားလမ်း၊ မြန်အောင်–ကြံခင်းကားလမ်းမနှင့် နီးကပ်လျက်ရှိကြောင်း၊ နှစ်စဉ် ဧရာဝတီမြစ်ရေတက်ချိန်၌ ကမ်းပြိုမှုများ ဖြစ်ပေါ်လျက်ရှိရာ ယခုနှစ်တွင် မြန်အောင်တာမိုင် (၅/၆) နှင့် (၅/၇)အတွင်း တာခြေနှင့် ခြောက်ပေခန့် နီးကပ်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးက ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည့် ကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း ဖြေကြား

နေပြည်တော် ဇူလိုင် ၁၃

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးသည် ဇူလိုင် ၉ ရက်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးမှုများလုပ်ခဲ့ကြောင်း နိုင်ငံတကာမီဒီယာများတွင် ဖော်ပြနေသည်ကို တွေ့ရှိရသည်။ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ယခုလို ဖြေကြားထားသည်။

ကျွန်တော်တို့ ထိုင်းနိုင်ငံရဲ့ ဒုတိယဝန်ကြီးချုပ်နဲ့ နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ Don Pramudwinai ကတော့ မြန်မာနိုင်ငံကို တနင်္ဂနွေ (၉)ရက်နေ့မှာ ရောက်ရှိလာတာရှိပါတယ်။ နိုင်ငံတကာသတင်းတွေမှာ ဖော်ပြနေသလို ဒေါ်အောင်ဆန်းစုကြည်နဲ့လည်း တွေ့ဆုံခဲ့တာရှိပါတယ်။ နှစ်ယောက်ချင်းတွေ့ဆုံတာလည်း ဖြစ်ပါတယ်။ တွေ့ဆုံချိန်ကတော့ တစ်နာရီခွဲနီးပါးလောက်ကြာပါတယ်။ နှစ်ယောက်ချင်း လွတ်လွတ်လပ်လပ်တွေ့ဆုံတာဖြစ်ပါတယ်။ လွတ်လွတ်လပ်လပ်တွေ့ဆုံတဲ့အတွက် ထိုင်းနိုင်ငံခြားရေးဝန်ကြီးအနေနဲ့လည်း ဆွေးနွေးချင်တဲ့အချက်များကို လွတ်လွတ်လပ်လပ်ဆွေးနွေးခဲ့ပါတယ်။ နှစ်ယောက်ချင်း လွတ်လွတ်လပ်လပ်ဆွေးနွေးခဲ့တာဖြစ်တဲ့အတွက် ဆွေးနွေးချက်ကိုတော့ ကျွန်တော်တို့ အသေးစိတ် မသိရှိပါဘူး။ ကျွန်တော်တို့ မျက်ဝါးထင်ထင်တွေ့မြင်ချက်အရတော့ ဒေါ်အောင်ဆန်းစုကြည်လည်း ကျန်းမာရေးကောင်းမွန်ကြောင်း သိရှိရပါတယ်။






## တရုတ်နိုင်ငံက မီသိန်းဓာတ်ငွေ့ရည်ဖြင့်လည်ပတ်သည့် အာကာသယာဉ်တစ်စင်း ပထမဆုံးအကြိမ် လွှတ်တင်

ပေကျင်း ဇူလိုင် ၁၃

တရုတ်နိုင်ငံက ကမ္ဘာပေါ်တွင် ပထမဆုံးအကြိမ်ထုတ်လုပ်သော အောက်ဆီဂျင်နှင့် မီသိန်းဓာတ်ငွေ့ရည်သုံး Zhuque-2 အာကာသယာဉ်ကို အာကာသထဲသို့ ဇူလိုင် ၁၂ ရက်တွင် လွှတ်တင်ခဲ့ကြောင်းသိရသည်။

Zhuque-2 လွှတ်တင်မှုသည် ဧပြီလတွင် Tianlong-2 အာကာသယာဉ်ကို လွှတ်တင်ပြီးနောက် ယခုနှစ်အတွင်း တရုတ်၏ပုဂ္ဂလိကအာကာသယာဉ်ကဏ္ဍအတွက် နောက်ထပ်အောင်မြင်မှုတစ်ခုဖြစ်သည်။

၎င်းအာကာသယာဉ်ကို တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ဂိုဘီသဲကန္တာရရှိ ဂျူကွမ်းအာကာသယာဉ်လွှတ်တင်ရေးစင်တာမှ လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး အာကာသအတွင်းရှိလမ်းကြောင်းသို့ အောင်မြင်စွာဝင်ရောက်ခဲ့ကြောင်း သိရသည်။

ယခုအာကာသယာဉ်ကို လွှတ်တင်နိုင်ခြင်းဖြင့် ၎င်း၏ယုံကြည်စိတ်ချရမှုနှင့် ဘေးကင်းမှုဆိုင်ရာအတွေ့အကြုံများကိုအခြေခံကာ ဈေးကွက်အတွက် ကုန်ကျစရိတ်သက်သာပြီး စွမ်းဆောင်ရည်မြင့်သည့်အာကာသယာဉ်များ ထုတ်လုပ်ပံ့ပိုးပေးရန်အတွက် အခြေခံအုတ်မြစ်ဖြစ်လာမည်ဖြစ်ကြောင်း ၎င်းအာကာသယာဉ်ထုတ်လုပ်သည့် Land Space ကုမ္ပဏီက ပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

## နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က ပါကစ္စတန်နိုင်ငံအား ဒေါ်လာ သုံးဘီလီယံခန့် ထုတ်ချေးမည်

အစ္စလာမ္မာဘတ် ဇူလိုင် ၁၃

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund) သည် ပါကစ္စတန်နိုင်ငံအား ဒေါ်လာ သုံးဘီလီယံခန့်ရှိသော ချေးငွေတစ်ရပ်ကို ယမန်နေ့က အတည်ပြုခဲ့ကြောင်း သိရသည်။

ယမန်နှစ်က ပါကစ္စတန်နိုင်ငံအတွင်း ရေကြီးရေလျှံမှုများကြောင့် ထိခိုက်သွားသည့် စီးပွားရေးအကျပ်အတည်းကို ပြန်လည်ထူထောင်နိုင်စေရန် အဆိုပါချေးငွေကို ပေးအပ်ခြင်းဖြစ်သည်။

ဇွန်လနှောင်းပိုင်းတွင် လုပ်ငန်းအဆင့် သဘောတူညီချက်အရ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ အမှုဆောင်အဖွဲ့သည် ချေးငွေကို ယမန်နေ့တွင် ခွင့်ပြုခဲ့သည်။

အဆိုပါချေးငွေအစိတ်အပိုင်းအဖြစ် ပါကစ္စတန်အစိုးရသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံခန့်ကို ချက်ချင်းရရှိမည်ဖြစ်သည်။

ရေကြီးရေလျှံမှုများကြောင့် နိုင်ငံ၏စီးပွားရေးဆိုးရွားစွာ အကျပ်ရိုက်သွားစေခဲ့ပြီး အရန်ငွေပြတ်လပ်မှု၊ နိုင်ငံ၏ငွေကြေးတန်ဖိုးကျဆင်းမှုနှင့် ငွေကြေးဖောင်းပွမှုများ မြင့်မားလာစေခဲ့သည်။

ဘဏ္ဍာရေး ပြုပြင်ပြောင်းလဲမှုများနှင့် ငွေကြေးဖောင်းပွမှုကို ဖြေရှင်းနိုင်ရန် ရည်ရွယ်ပြီး ကျန်ရှိသော ရန်ပုံငွေများကို အဆင့်အလိုက် ပံ့ပိုးပေးမည်ဟု နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က ဆိုသည်။

အဆိုပါချေးငွေသည် ပါကစ္စတန်အား မက်ခရိုစီးပွားရေးတည်ငြိမ်မှု ပြန်လည်ရရှိရန်နှင့် မူဝါဒကို တစ်သမတ်တည်း အကောင်အထည်ဖော်ဆောင်ပြီး ပြည်တွင်းနှင့် ပြည်ပမညီမျှမှုများကို ဖြေရှင်းရန် အခွင့်အလမ်းတစ်ရပ် ပေးခြင်းဖြစ်ကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ အကြီးအကဲ ဂျော့ဂျီဗာက ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်



## ဂျပန်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်း

တိုကျို ဇူလိုင် ၁၃

ဂျပန်နိုင်ငံ ပင်လယ်ကမ်းရိုးတန်းဒေသဖြစ်သည့် ဟိုကာရီကူနှင့် နိုင်ငံအနောက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ကြောင်း သိရသည်။ ၎င်းဒေသများတွင် မြစ်ရေကြီးခြင်းနှင့် မြေပြိုမှုများဖြစ်ပွားနိုင်ကြောင်း မိုးလေဝသဌာန တာဝန်ရှိသူများက ပြောကြားသည်။

တောတ်ိုရီ စီရင်စုရှိ ကီတာကာဒေသသည် ယနေ့တွင် မိုးရေချိန်၉၀ မီလီမီတာ ရွာသွန်းခဲ့သည်။ တိုယာမာမြို့သည် ယနေ့မွန်းတည့်ချိန်အထိ မိုးရေချိန်၁၉၃ ဒသမ ၅ မီလီမီတာကို မှတ်တမ်းတင်ခဲ့ပြီး တိုနာမိမြို့တွင်မိုးရေချိန် ၁၇၆ မီလီမီတာ ရှိသည်။ တိုယာမာစီရင်စုရှိ အချို့နေရာများတွင် မြေပြိုမှုအန္တရာယ်မြင့်မားနိုင်ကြောင်း မိုးလေဝသတာဝန်ရှိသူများက သတိပေးထားသည်။

ကျိုတိုစီရင်စုရှိ မြေနိမ့်ပိုင်းဒေသများတွင် ရေကြီးခြင်းနှင့် မြစ်ရေလျှံခြင်းများ ဖြစ်နိုင်ကြောင်း တာဝန်ရှိသူများက သတိပေးထားသည်။ မိုးကြိုးပစ်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ လေဆင်နှာမောင်း တိုက်ခတ်ခြင်း၊ ရုတ်တရက် မိုးရွာသွန်းခြင်းနှင့် မိုးသီးမုန်တိုင်းများ ကျရောက်ခြင်းအတွက် ဒေသခံများအား သတိပြုနေထိုင်ရေး ညွှန်ကြားခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - စိုးသူရ

## အမေရိကန်စွန့်ဦးတီထွင်သူ အီလွန်မက်စ် ဉာဏ်ရည်တုနည်းပညာသုံး chatbot xAI စတင်မိတ်ဆက်

ဝါရှင်တန် ဇူလိုင် ၁၃

အမေရိကန် စွန့်ဦးတီထွင်သူ အီလွန်မက်စ်သည် Chat GPT ၏ OpenAI နှင့်ယှဉ်ပြိုင်ရန် ဉာဏ်ရည်တုနည်းပညာသုံး chatbot xAI ကို စတင်မိတ်ဆက်ခဲ့ကြောင်း သိရသည်။

အီလွန်မက်စ်သည် ၎င်း၏တွစ်တာအကောင့်မှတစ်ဆင့် xAI အသုံးပြုမှုကို ယမန်နေ့တွင် စတင်မိတ်ဆက်ပေးခဲ့ခြင်းဖြစ်သည်။

xAI chatbot ဖွံ့ဖြိုးရေးအတွက် ဂူဂဲကုမ္ပဏီနှင့် Open AI တို့တွင် ယခင်က တာဝန်ထမ်းဆောင်ခဲ့သည့် သုတေသီများအပါအဝင် ဝန်ထမ်း ၁၁ ဦးပါဝင်ကြောင်း သိရသည်။

အီလွန်မက်စ်သည် ၎င်း၏ xAI သည် Open AI နှင့်ယှဉ်ပြိုင်ရန် ကြိုးပမ်းလျက်ရှိသည်ဟု အမေရိကန်နှင့်ဥရောပမီဒီယာများက ပြောကြားသည်။ xAI သည် တွစ်တာ၏ဆောင်ရွက်ချက်များကို အသုံးပြုကာ သုံးစွဲသူများ၏မေးခွန်းများကို အချိန်နှင့်တစ်ပြေးညီ ဖြေဆိုနိုင်မည်ဖြစ်ကြောင်း တည်ထောင်သူ အီလွန်မက်စ်က ဆိုသည်။

မျိုးဆက်သစ် AI ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြိုင်ဆိုင်မှုသည် ဂူဂဲ၊ အမေဇုံနှင့် မီတာကဲ့သို့သော နည်းပညာကုမ္ပဏီကြီးများအကြား ပိုမိုပြင်းထန်လာကြောင်း စောင့်ကြည့်လေ့လာသူများက ဆိုသည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်



# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံး၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၃

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ မန္တလေးမှ မူဆယ်သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Watermelon/ Pineapple အလုံး ၉၅၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yar Zar Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကို လည်းကောင်း၊ ပြင်ဦးလွင်မှ မန္တလေးသို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျွန်းခွဲသားဆိုဒ်စုံ သုည ဒသမ ၈၅၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၇၂၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Kia Bongo Pick Up တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀) ကိုလည်းကောင်း၊ မန္တလေး-လားရှိုးကားလမ်း မိုင်တိုင် အမှတ် (၂၁ မိုင် ၃ ဖာလုံ)၌ မူဆယ်မှ မန္တလေးသို့ မောင်းနှင်လာသော ယာဉ်နှစ်စီးအား စိစစ်၍ မန္တလေးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ပို့ဆောင်ခဲ့ပြီး အသေးစိတ်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ဖော်ပြထားခြင်းမရှိသည့် ခေတ်ဘူး ၂၄၇၂ လုံး အပါအဝင် ကုန်ပစ္စည်း ၁၈ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၇၁၀၃၈၇ ကျပ်)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသော Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း၊ သွင်းကုန်ကြေညာလွှာတွင် ဖော်ပြထားသည်ထက် ပိုမိုပါရှိလာသည့် Iron Round Pipe ၁၀၀၀၀ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်း ၁၄ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၇၇၅၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Cheng Long Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၆၆၄၂၂၅၈၇ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၁၁ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ကော့ကရိတ်(တံတားကျိုး)စုပေါင်းစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမှ ရန်ကုန်သို့ မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် IYA Iya Polyurethane Foam Sealant ထုပ် ၂၄၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀)နှင့် Kashiwa Multi Function Cooker ၂၈ ခု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၄၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၄၀၀၀၀ ကိုသိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ ဇူလိုင် ၁၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမှ ရန်ကုန်သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် ငါးစီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Packing Material Plastic Film ၂၅၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၂၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Cheng Long Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)ကိုလည်းကောင်း၊ Glossy Paper Sheet 200 GSM ၄၀၀၀ ကီလိုဂရမ်(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Giga Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)ကိုလည်းကောင်း၊ Paper Roll ၇၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Giga Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)ကိုလည်းကောင်း၊ Solar Bulb အလုံး ၇၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၅၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)ကိုလည်းကောင်း၊ Brand New Packing Material Plastic Film ၃၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၉၅၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၆၀၇၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဇူလိုင် ၁၁ ရက်တွင် တာဝန်ကျပူးပေါင်းအဖွဲ့က ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်နှစ်စီးအား စိစစ်၍ ပဲခူးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ပို့ဆောင်ပြီး အသေးစိတ် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Nestle Milo အထုပ် ၆၀ အပါအဝင် ကုန်ပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၇၀၀၀၀)၊ Rice Stick ၄၀၀ ဂရမ်(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Caravan တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀)ကိုလည်းကောင်း၊ Palm Coconut Gel Syrup ၂၇၅၂ ထုပ် အပါအဝင် ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၂၀၀၀၀)၊ Ding Fong Drinks ဘူး ၉၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)တို့ကို အကောက်ခွန်လုပ်ထုံး လုပ်နည်းများအရ လည်းကောင်း၊ ဇူလိုင် ၁၂ ရက်တွင် ခရိုင်သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်အတွင်း စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၀၅၆ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၄၈၄၈၀)ကို သစ်တော ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၂၅၃၈၄၈၀ကို သိမ်းဆည်း အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၇ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၂၄၇၆၀၆၇ ကျပ်) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ မှ သိရသည်။

သတင်းစဉ်

## လွိုင်လင်မြို့၌ တရားမဝင်သယ်ဆောင်လာသည့် ငွေကျပ်သိန်း ၅၀၀၀ ကျော်တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်းနှင့် အခြားဓာတုပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၃

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၉ ရက် နံနက် ၇ နာရီခွဲတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့အဝင်တိုးဂိတ်၌ တောင်ကြီးမှ လွိုင်လင်သို့ ဝေယံမြင့်သူ(ခ)မောင်မောင် မောင်းနှင်ပြီး အောင်မင်းသူ(ခ) အောင်ငဲလေး လိုက်ပါလာသည့် ၂၂ ဘီးတွဲယာဉ်၊ ငြိမ်းထိုက်စံ မောင်းနှင်ပြီး သီဟကိုကို လိုက်ပါလာသော ၂၂ ဘီး တွဲယာဉ်၊ ဇင်ဝင်းထွေး မောင်းနှင်ပြီး လင်းထက်ဇော် လိုက်ပါလာသည့် ၂၂ ဘီး တွဲယာဉ်နှင့် အေးမင်းအောင် မောင်းနှင်ပြီး အာကာဦး လိုက်ပါလာသော ၂၂ ဘီးတွဲယာဉ်တို့ကို သတင်းအရရှာဖွေရာ အဆိုပါတွဲယာဉ် လေးစီးဖြင့် တရားမဝင် သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၅၀၀၀ ကျော်တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း ဟိုက်ဒရိုကလိုရစ်အက်စစ်လီတာ ၂၂၀၄၀၊ ဆာလဖြူရစ်အက်စစ်လီတာ ၁၂၀၀၀ နှင့် အခြားဓာတုပစ္စည်း ဒိုင်ကလိုရိုမီသိန်းအက်စစ်လီတာ ၂၆၇၂၀ သိမ်းဆည်းရမိခဲ့သည်။



ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်းများ၊ ဓာတုပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

စစ်ဆေးချက်အရ နံနက် ၈ နာရီခွဲတွင် ထိန်းချုပ်ဓာတုပစ္စည်းများနှင့် ဓာတုပစ္စည်းများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူ စစ်ငြိမ်းထွန်းနှင့် ရဲလင်းထက်တို့အား လွိုင်လင်မြို့အထွက်တွင် Toyota Alphard ယာဉ်နှင့် လည်းကောင်း၊ ညနေ ၆ နာရီခွဲတွင် မင်းမင်းသက်နိုင်(ခ)ကိုမင်း၊ ရဲထွန်းသိန်း(ခ)ထွန်းထွန်းနှင့် နေမျိုးလင်း(ခ)ကိုလတ် တို့အား နမ့်စန်မြို့ ရပ်ကွက်(၄)တွင် Toyota Wish ယာဉ်နှင့်လည်းကောင်း၊ ည ၁၀ နာရီခွဲတွင် မျိုးခင်အား ပုဇွန်တောင်မြို့နယ် (၂)ရပ်ကွက် နေကြာလမ်းရှိ ၎င်း၏နေအိမ်တွင် လည်းကောင်း ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ထိန်းချုပ်ဓာတုပစ္စည်းများနှင့် အခြားဓာတုပစ္စည်းများအား ရန်ကုန်မှ နမ့်စန်သို့ သယ်ဆောင်၍ မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်းဆေးဝါးများ ထုတ် လုပ်ရာတွင် အသုံးပြုခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့ ၁၄ ဦးအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၄-၇-၂၀၂၃ သောကြာနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(အာဋာနာဋိယသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ သစ်တောသစ်ပင်ထိန်းသိမ်းကြစို့ထာဝစဉ်
- ၀၉:၃၅ Soccer View
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူမှုစီးပွားသတင်းများ
- ၁၁:၃၀ ကလောင်စွမ်းဖြင့်ဉာဏ်အလင်းတံခါးဖွင့်ကြသူများ
- ၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ငွေမှုံလင့်ခြင်းအိမ်မက်' (အပိုင်း-၃၃)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ကံကြမ္မာမုန်တိုင်း' (အပိုင်း-၂၇)
- ၁၅:၂၅ လူငယ်ရေးရာအစီအစဉ်
- ၁၆:၃၅ မျိုးဂုဏ်တင့်စေဆိုကရေးတီးအငွေ့
- ၁၇:၂၀ မျှော်လင့်ချက်တွေအကောင်အထည်ဖော်ဖို့ အောင်ဘာလေအွန်လိုင်းထီထိုးကြစို့
- ၁၇:၃၀ Weekly Sports Info
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ငွေမှုံလင့်ခြင်းအိမ်မက်' (အပိုင်း-၃၄)
- ၂၀:၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ 'စိမ်းမိုမို့အမှတ်တရတေးများ' တေးဂီတဖျော်ဖြေပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ပွဲစဉ်-၂)

### mitv

- 07:02 Evergreen Classic: Suvanna Sama (Hnin Yee Thant)
- 07:10 Atuladhipati Mahamunisacca Koe Htat Kyee Pagoda
- 07:28 Finding Ways for Coexistence between People and Elephants
- 07:42 Mogok, Ruby Land
- 08:01 News
- 08:26 From Bamboo Strip to Sublime Buddha
- 08:49 Healthy Diet: Fasting Diet
- 09:01 Discovering Tribes: Da Nu (Their Life and Customs) (Part-2)
- 09:21 A Simple And Peaceful Life
- 09:34 Products of Myanmar - Stone Of The Heavens
- 10:01 News
- 10:27 Sri Ksetra, Field of Fortune & Glory (Part-3)

### MRTV NRC

**ချင်း(ချိုး) (၀၆:၀၀ မှ ၀၇:၀၀)**
ချင်း(ချိုး)တို့၏ရှေးရိုးရာလေးပေဒင်

**မွန် (၀၇:၀၀ မှ ၀၉:၀၀)**
ဖော်လမြိုင်မုန့်ဟင်းခါး

**ရခိုင် (၀၉:၀၀ မှ ၁၁:၀၀)**
ရိအုန်းတောင်သုဂ္ဂရီ၏ဘဝ

**ရှမ်း (၁၁:၀၀ မှ ၁၃:၀၀)**
ပုံးအင်းဒေသလှေလှော်ပြိုင်ပွဲ

**ဝ (၁၃:၀၀ မှ ၁၅:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၂)

**ကချင် (၁၅:၀၀ မှ ၁၇:၀၀)**
မို့ကာပ်ထောင်း

**ကယား (၁၇:၀၀ မှ ၁၉:၀၀)**
မြင်တွေ့စေချင်ကယားတို့ဌာန(ကယန်းတိုင်းရင်းသားတို့စုံပျော်ရာပန်ပက်ရွာ)

**ဝကောကရင် (၁၉:၀၀ မှ ၂၀:၀၀)**
ဒူးရင်းသီး

**အနောက်ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
အနောက်တောင်အရပ်ကကျွန်းမြို့ဆီသို့

**အရှေ့ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
အစာအိမ်ရောဂါအကြောင်းသိကောင်းစရာ

**ချင်း(လိုင်ဇို) (၂၂:၀၀ မှ ၂၃:၀၀)**
ရှားစောင်းလက်ပတ်ရဲ့အစွမ်း

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၁၅ ရသစုံစွာ၌ကမ္ဘာမြေ
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၈:၄၅ မျှော်လင့်ချက်တွေအကောင်အထည်ဖော်ဖို့ အောင်ဘာလေအွန်လိုင်းထီထိုးကြစို့
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊အလံ
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'လူမိုက်တို့သွားရာလမ်း'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ PR SYSTEM စကားဝိုင်း(MWD)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၁)
- ၁၈:၀၀ Economic Review (ပြည်တွင်းစားသုံးဆီဖူလုံရေးဆောင်ရွက်မှုအခြေအနေ)

### MRTV FARMERS'

- ၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၁၅ ဒဟတ်ကုန်းသကြားစက်ရုံမှ သကြားထုတ်လုပ်ပုံအဆင့်ဆင့်
- ၀၇:၀၀ ကျေးလက်ကွန်ရက်
- ၀၇:၅၅ ဆန်ကိုအခြေခံ၍ကိတ်မုန့်ပြုလုပ်နည်း
- ၀၈:၀၀ ကုန်ကြမ်းမှသည်ကုန်ချောဆီသို့
- ၀၈:၂၀ ကြံလမိုင်းစနစ်တကျစိုက်ပျိုးပါက တောင်သူအတွက်အကျိုးများ
- ၀၉:၄၀ လှိုင်သာယာစက်မှုဇုန်မှအားပြည့်ဆန်ထုတ်လုပ်မှု

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/Weekly MNL Review/Weekly Soccer Preview
- ၀၇:၄၅ အားကစားလောကထဲကသူတို့အကြောင်း/ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၈:၀၀ ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၁၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘဝစကတ်ဘောအက်ဒေး'
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၅)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# အခြေခံကျန်းမာရေးစောင့်ရှောက်မှု ပိုမိုခိုင်မာစေရန် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး ရခိုင်ပြည်နယ်အဆင့် အသိပေးဆွေးနွေးပွဲ ကျင်းပ



**စစ်တွေ ဇူလိုင် ၁၃**

အခြေခံကျန်းမာရေးစောင့်ရှောက်မှု ပိုမိုခိုင်မာစေရန် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး ရခိုင်ပြည်နယ်အဆင့် အသိပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ လောကာနန္ဒာစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဇနီး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ နီးနွယ်ဌာနများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအသင်းများ ပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ခြင်းကြောင့် သဘာဝဘေး၏ နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများကို ပြည်သူ့ကျန်းမာရေးပြဿနာအဆင့်ထိ ဖြစ်ပွားခြင်း မရှိအောင် ကာကွယ်နိုင်ခဲ့ပါဖြစ်ကြောင်း။

**ပုံမှန်လည်ပတ်နိုင်ပြီ**

ယခုအခါ မိုခါမုန်တိုင်းတိုက်ခတ်ပြီးနောက် နှစ်လနီးပါးရှိပြီဖြစ်သည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအားလုံးကို ပုံမှန်လည်ပတ်နိုင်ပြီဖြစ်ရာ တစ်နေ့ထက်တစ်နေ့ ပိုမိုမြှင့်တင်ဆောင်ရွက်ရန် စတင်ဆောင်ရွက်ကြရမည့်အချိန်ဖြစ်ပါကြောင်း၊ သို့မှသာလျှင် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ပိုမိုခိုင်မာလာပြီး ရောဂါကြိုတင်ကာကွယ်နိုင်ကာ ရောဂါဖြစ်ပွားမှုနှုန်း၊ ဆေးရုံတက်ရောက်မှုနှုန်း၊ သေဆုံးမှုနှုန်းများကျဆင်းပြီး ဆေးကုသမှုကုန်ကျစရိတ်များ လျော့နည်းလာမည်ဖြစ်ကြောင်း၊ အလားတူ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးဌာနတစ်ခုတည်း ပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေးအခြေအနေ တိုးတက်မြင့်မားအောင် ဆောင်ရွက်၍မရပါကြောင်း၊ နီးနွယ်ဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ဆောင်ရွက်ရန်လည်း အရေးကြီးပါကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းက ရခိုင်ပြည်နယ်အတွင်း အခြေခံကျန်းမာရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**သီးစုံဒံပေါက်များ ဝေငှ**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများကို သီးစုံဒံပေါက်များ ဝေငှခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်း၌ MV WERU PACK KHA သင်္ဘောပေါ်မှ ဆန်အိတ်များတင်ချနေမှု၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုမည့်ပစ္စည်းများကို လူအင်အား၊ စက်ယန္တရားအင်အားများ အသုံးပြုကာ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲပေးရန်စီစဉ်ဆောင်ရွက်နေမှုနှင့် ဖော်ကျွန်းသင်္ဘောပေါ်သို့ ရန်ကုန်မြို့သို့ပို့ဆောင်မည့် ထရန်စဖော်မာများနှင့် ဆက်သွယ်ရေးယာဉ်များ တင်ဆောင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဇူလိုင် ၁၃**

ဆိုင်ကလုန်း မုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ကျောက်ဖြူမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အလယ်ပိုင်းရပ်ကွက်ရှိ နာရီစင်ကွင်း၌ ဒေသခံပြည်သူများအား ဝက်သား၊ ကြက်သား၊ ဘဲသားနှင့် ကြက်ဥများကို ပြင်ပပေါက်ဈေးထက် ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုများကို သွားရောက် ကြည့်ရှုအားပေးသည်။

အလားတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဦးဥတ္တမခန်းမ၌ ရပ်ကွက်/ကျေးရွာအုပ်စု ၁၉ စုတို့ရှိ လေဘေးသင့်ဒေသခံပြည်သူများအား ဒုတိယအကြိမ် စားသောက်ကုန်ပစ္စည်းများနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများအား တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ပြီး တပ်မတော်ဆေးရုံ ခုတင်(၅၀)၌ တက်ရောက်ဆေးကုသမှု ခံယူနေသော လူနာများအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့ပြင် ဘူးသီးတောင်တပ်နယ်ရှိ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများနှင့် မိဘများအား ဂုဏ်ပြုနေ့လယ်စာ စားပွဲသို့ တက်ရောက်ခဲ့ပြီး အားပေးစကားပြောကြားသည်။ ထို့နောက် ၆၆ KV ဓာတ်အားရုံ၌ ဓာတ်အားလိုင်းလက်ခံရရှိမှုနှင့် လျှပ်စစ်မီးများ ဆက်လက် ဖြန့်ဖြူးပေးရေးအတွက် ဆောင်ရွက်နေမှုများအား သွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဗိုလ်မှူးချုပ်အောင်ကျော်မိုးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ရွာသစ်ကေကျေးရွာနှင့် ကံ့ကော်ကျွန်းကျေးရွာများရှိ စပါးစိုက်တောင်သူများ၏ လယ်ယာများတွင် GW-11 မျိုးစပါးများ ပျိုးထောင်စိုက်ပျိုးနေမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး အမြင့်ကျွန်းကျေးရွာနှင့် ချီလည်ပင်ကျေးရွာများရှိ ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်သည်။

ထို့အတူ ကျောက်တော်မြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ်အောင်သူဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကစ္ဆပနဒီခန်းမ၌ ဌာနဆိုင်ရာများအား ဆန်၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

အလားတူ မာန်အောင်မြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ်ကျော်ကျော်ဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကျေးရွာအုပ်စုငါးအုပ်စုမှ တောင်သူများအား မျိုးစေ့အမယ်ပေါင်း ၂၈ မျိုး၊ စုစုပေါင်း မျိုးစေ့ထုပ် ၁၇၅၈ ထုပ်အား ထောက်ပံ့ပေးအပ်သည်။

ထို့အတူ မောင်တောမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် တင်ဆွေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ လေဘေးသင့်ကျေးရွာငါးရွာအား ပြန်လည်ထူထောင်ရေးလုပ်ငန်းသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ပြီး သရေကုန်းဘောင် ကျေးရွာရှိ တောင်သူများ၏ ပေါ်ဆန်းရင်မျိုးစပါး ပျိုးထောင်ထားရှိမှုနှင့် မြေပြုပြင်ထွန်ယက်နေမှုများအား သွားရောက်ကြည့်ရှုသည်။ ထို့ပြင် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ မောင်တော ဓာတ်အားခွဲရုံ၌ ဓာတ်အားလိုင်း လက်ခံရရှိမှုနှင့် လျှပ်စစ်မီးများ ဆက်လက်ဖြန့်ဖြူးပေးရေးအတွက် ဆောင်ရွက်နေမှုများအား သွားရောက်ကြည့်ရှုခဲ့ပြီး ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ကန်ကြီးထောင့်၌ စိုက်ပျိုးရေးစရိတ်များ ထုတ်ချေး

**ကန်ကြီးထောင့် ဇူလိုင် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ်အတွင်းရှိ တောင်သူများထံသို့ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မေ ၁၈ ရက်မှ စတင်ထုတ်ချေးလျက်ရှိရာ ယနေ့အထိ ၄၁ ဒသမ ၂၅ ရာခိုင်နှုန်း ထုတ်ချေးပေးနိုင်ခဲ့ပြီး မြို့နယ်အတွင်း ရပ်ကွက်ခုနစ်ခု၊ ကျေးရွာအုပ်စု ၇၃ အုပ်စု၊ ကျေးရွာခွဲ ၃၈၆ ရွာ၊ တောင်သူ ၄၈၅၀၊ လယ်ယာမြေ ဧက ၄၀၀၀၀ အား ထုတ်ချေးငွေကျပ်သိန်း ၆၀၀၀၀ လျာထားချက်ရှိပြီး ကျန်ချေးငွေများကို စက်တင်ဘာ ၃၀ ရက်အထိ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ပူနွေးကမ္ဘာ
တားဆီးရာ
ဖြေရှာတစ်ခု
တောပြုစု။

# ကော့သောင်းမြို့၌ မျိုးစပါး၊ ကွန်ပေါင်းဓာတ်မြေဩဇာနှင့် ကော်ဖီပျိုးပင်ပေးအပ်ပွဲ ပြုလုပ်

ကော့သောင်း ဇူလိုင် ၁၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက ကော့သောင်းခရိုင်အတွင်း ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာများရှိ စံပြစိုက်ခင်းစိုက်ပျိုးမည့် တောင်သူများအတွက် မျိုးစပါး၊ ကွန်ပေါင်း ဓာတ်မြေဩဇာနှင့် ကော်ဖီပျိုးပင် ပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ကော့သောင်းမြို့နယ် မဥ္ဇူသကခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကိုက အမှာစကားပြောရာတွင် တနင်္သာရီတိုင်းဒေသကြီးသည် ဒေသဝမ်းစာဖူလုံမှု ၇၃ ဒသမ ၁၃ ရာခိုင်နှုန်းသာရှိပြီး ကော့သောင်းခရိုင်သည် ဒေသဝမ်းစာဖူလုံမှု လေးရာခိုင်နှုန်းသာရှိကြောင်း၊ ခရိုင်၊ မြို့နယ်များအလိုက် ဒေသဝမ်းစာဖူလုံမှုရာခိုင်နှုန်း တိုးတက်ရရှိမှသာလျှင် တိုင်းဒေသကြီးတစ်ခုလုံး၏ ဒေသဝမ်းစာဖူလုံမှု တိုးတက်လာမည်ဖြစ်သည့်အတွက် မိမိတို့ဒေသ၏သီးနှံတစ်ကေအထွက် နှုန်းတိုးတက်ရန် အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးသန်းထိုက်က ကော့သောင်းခရိုင်အတွင်းရှိ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာအား မိုးစပါးသီးနှံအတွက် မိုးစပါး၊ ကွန်ပေါင်းဓာတ်မြေဩဇာနှင့် ကော်ဖီစိုက်ပျိုးမည့်သူများအတွက် ကော်ဖီပျိုးပင်များ ထောက်ပံ့ပေးအပ်ရခြင်း အကြောင်းရင်းများကို ရှင်းလင်းတင်ပြခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက တောင်သူများအား သွင်းအားစုများဖြစ်သော ကွန်ပေါင်းဓာတ်မြေဩဇာ၊ မျိုးစေ့နှင့် ကော်ဖီပျိုးပင်များထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ယနေ့တွင် သွင်းအားစုအနေဖြင့် ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ ဆောင်ရွက်နေသည့် တောင်သူ ၁၉ ဦး စိုက်ကေ ၈၅ ကေအတွက် မျိုးစပါး ၈၅ တင်းနှင့် ဓာတ်မြေဩဇာ ၈၅ အိတ်ကိုလည်းကောင်း၊ ကော်ဖီစိုက်အကျိုးတော်ဆောင် တောင်သူများအား ကော်ဖီပျိုးပင်များကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





# ပခုက္ကူတိုင်းဒေသကြီးကိုယ်စားပြု ဖူဆယ်အသင်းနှင့် ကာယဗလနှင့်ကာယကြံ့ခိုင်မှုအသင်းများအား အောင်နိုင်ရေးအလံပေးအပ်

ပခုက္ကူ ဇူလိုင် ၁၃

၂၀၂၃ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပခုက္ကူတိုင်းဒေသကြီး ကိုယ်စားပြု အမျိုးသား၊ အမျိုးသမီး ဖူဆယ်အသင်းနှင့် ကာယဗလနှင့် ကာယကြံ့ခိုင်မှုအသင်းများအား အောင်နိုင်ရေးအလံ ပေးအပ်ပွဲနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ လမ်းညွှန်ဩဝါဒခံယူပွဲကို ယနေ့နံနက်ပိုင်းက ပခုက္ကူတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာခန်းမ၌ ကျင်းပသည်။

ဦးစွာ ပခုက္ကူတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများက တစ်ဦးချင်း ဂါရဝပြု မိတ်ဆက်ခဲ့ကြသည်။

ထို့နောက် ပခုက္ကူတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့် အနိုင်အရှုံးတစ်ခုတည်းကိုသာ ဦးတည်ယှဉ်ပြိုင်ခြင်းမဟုတ်ဘဲ တိုင်းဒေသကြီးဂုဏ်ဆောင်နိုင်မည့် ထိုက်တန်ထူးချွန်သည့် အားကစားသမားများ ပေါ်ထွက်လာရေးနှင့် သတ္တိရှိမှု၊ သည်းခံနိုင်မှု၊ ကျွမ်းကျင်မှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ စည်းလုံးညီညွတ်မှု၊ စည်းကမ်းရှိသေလိုက်နာမှု စသည့်အခြေခံကောင်းများကိုပါ အစွမ်းကုန်ဖော်ထုတ်ရင်း အနိုင်ရရှိရေးအတွက် ကြိုးပမ်းယှဉ်ပြိုင်သွားကြရန်၊ ပြိုင်ပွဲကာလအတွင်း ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ အနေအထိုင်၊ အစားအသောက်ဆင်ခြင်ပြီး ကျန်းမာရေးကို အထူးဂရုစိုက်ကြရန်လိုအပ်ကြောင်း၊ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး ယခုနှစ်တွင်လည်း ထပ်မံ၍ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များအပြင် အသင်းလိုက်တံခွန်စိုက် ဆုဖလားရရှိအောင် အကောင်းဆုံးကြိုးစားယှဉ်ပြိုင်ကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပခုက္ကူတိုင်းဒေသကြီး ကိုယ်စားပြု အမျိုးသား၊ အမျိုးသမီး ဖူဆယ်အသင်းနှင့် ကာယဗလနှင့် ကာယကြံ့ခိုင်မှုအသင်းများအတွက် ထောက်ပံ့ငွေကျပ် ၄၉ သိန်းကို ထောက်ပံ့ပေးအပ်ပြီး အသင်းအုပ်ချုပ်သူနှင့် နည်းပြများထံ အောင်နိုင်ရေးအလံပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အင်ဂျင်နီယာဘူမိဗေဒဆိုင်ရာ အစီရင်ခံစာပါ အချက်အလက်များ ရှင်းလင်းတင်ပြ

ဟားခါး ဇူလိုင် ၁၃

ဟားခါးမြို့နယ်နှင့် ဝန်းကျင်ဒေသအချို့တွင် မြေပြိုတောင်ပြိုမှုများနှင့်ပတ်သက်၍ အင်ဂျင်နီယာဘူမိဗေဒဆိုင်ရာ အစီရင်ခံစာပါ အချက်အလက်များ ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က အဖွင့်အမှာစကားပြောကြားပြီး ချင်းပြည်နယ်သတ္တုတွင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဝင်းက မြေပြိုတောင်ပြိုခြင်းကို လျော့နည်းစေရန် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ မြေပြိုတော့မည့် နိမိတ်လက္ခဏာအချက် ၁၇ ချက်၊ မြေပြိုတောင်ပြိုမှုကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် သတိပေးစနစ်များထားရှိမှုအခြေအနေ၊ မြေပြိုတောင်ပြိုမှုဘေးအန္တရာယ်မှ ကင်းဝေးစေရန် အကြံပြုချက်ခြောက်ချက်၊ ဟားခါးမြို့ မြေပြိုတောင်ပြိုမှုများအတွက် ရေးဆွဲအကြံပြုထားသည့် အန္တရာယ်ဇုန်ပြမြေပုံ၊ ဟားခါးမြို့မြေပြိုတောင်ပြိုမှုအတွက် ပြောင်းရွှေ့နေရာချထားရေးနှင့်ပတ်သက်၍ အကြံပြုချက် စသည့်အချက်များပါဝင်သည့် ဟားခါးမြို့နယ်နှင့် ဝန်းကျင်ဒေသအချို့တွင် မြေပြိုတောင်ပြိုမှုများနှင့်ပတ်သက်၍ အင်ဂျင်နီယာဘူမိဗေဒဆိုင်ရာ အစီရင်ခံစာပါ အချက်အလက်များကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှင်းလင်းတင်ပြချက်များအပေါ် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဟန်ဝင်းအောင်၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးကျော်ငြိမ်း၊ ပြည်နယ်ဥပဒေချုပ် ဦးဆွန်ဒုတ်ကျင်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးမောင်မောင်ဆန်းနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

တောင်ကြီး ဇူလိုင် ၁၃

၂၀၂၃ ခုနှစ် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် အသက်၁၉ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယမန်နေ့ ညနေ ၃ နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပခဲ့သည်။

ဦးစွာ မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်မှ ကျွမ်းဘားအားကစားနည်းများ လာရောက်သရုပ်ပြသနေမှုကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ အားကစား ဝါသနာရှင်များက ကြည့်ရှုအားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်သိန်းတို့က မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်နာယက ဦးမြင့်အောင်နှင့် သရုပ်ပြသပေးသော ကျွမ်းဘားအဖွဲ့၊ ပြိုင်ပွဲစဉ်တစ်လျှောက်လုံး ကူညီဆောင်ရွက်ပေးသော ကြက်ခြေနီအဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ နောက်ဆုံး ဗိုလ်လုပွဲအဖြစ် တာချီလိတ်မြို့နယ်အသင်းနှင့် ညောင်ရွှေမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးကြပြီး တာချီလိတ်မြို့နယ်အသင်းက အနိုင်ရရှိသွားသည်။

ဆက်လက်၍ အကောင်းဆုံးဆုရ အားကစားသမားများအား ဆုချီးမြှင့်ရာ အကောင်းဆုံးဂိုးသမားဆု၊ နောက်တန်းအကောင်းဆုံးဆု၊ အလယ်တန်းအကောင်းဆုံးဆု၊ ရှေ့တန်းအကောင်းဆုံးဆု၊ အကောင်းဆုံးအားကစားသမားဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားကျပ် တစ်သိန်းစီကို ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်ဝန်ကြီးများက လည်းကောင်း၊ ပူးတွဲ တတိယဆုရရှိသော ပင်လောင်းမြို့နယ် အသင်းနှင့် တောင်ကြီးမြို့နယ်အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ကျပ်ငါးသိန်းစီတို့ကို ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့ကလည်းကောင်း၊ ဒုတိယဆုရရှိသော ညောင်ရွှေမြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ကျပ်ရှစ်သိန်းတို့ကို ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်ကလည်းကောင်း၊ ပထမဆုရရှိသော တာချီလိတ်မြို့နယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များ၊ ငွေသားကျပ် ၁၀ သိန်းနှင့် ပထမဆုဖလားတို့ကို ပြည်နယ်ဝန်ကြီးချုပ်က လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



**ပြည်နယ်(ပြန်/ဆက်)**



## ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲကျင်းပ

ဘားအံ ဇူလိုင် ၁၃

ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံအသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်နှင့်ဆုချီးမြှင့်ပွဲကို ဇူလိုင် ၁၂ ရက် မွန်းလွဲ ၃ နာရီက ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ဇွဲကပင်အဆင့်မြင့်အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ဗိုလ်လုပွဲစဉ်အဖြစ် ဘားအံမြို့နယ်အမျိုးသမီးဘောလုံးအသင်းနှင့် ကော့ကရိတ်မြို့နယ်အမျိုးသမီးဘောလုံးအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်၎င်းတို့၏ဇနီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ အားကစားဝါသနာရှင်များကြည့်ရှုအားပေးခဲ့ကြပြီး အဆိုပါ ပွဲစဉ်တွင် ဘားအံမြို့နယ် အမျိုးသမီးဘောလုံးအသင်းက သုံးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ဗိုလ်လုပွဲစဉ်အပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဘောလုံးအားကစားဆပ်ကော်မတီဥက္ကဋ္ဌ ပြည်နယ်လမ်းဦးစီးဌာနညွှန်ကြားရေးမှူးနှင့် စေတနာရှင်များက ဇွဲဆော်ဦး ဂိုးသွင်းဆု၊ ချေပဂိုးဆုနှင့် အနိုင်ဂိုးဆုများကို လည်းကောင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများက ကြက်ခြေနီသူနာပြုတပ်ဖွဲ့နှင့် ဒိုင်အဖွဲ့တို့အားဂုဏ်ပြုဆု၊ ဗိုလ်လုပွဲနေ့အကောင်းဆုံးအားကစားသမားဆု၊ တစ်ဦးချင်းလည်ဆွဲဆု၊ နေရာအလိုက်အကောင်းဆုံးအားကစားဆုများနှင့် တတိယဆုရရှိသော လှိုင်းဘွဲ့မြို့နယ်အသင်းအား ငွေသားဆုနှင့် ဆုကလပ်များကို ပေးအပ်ချီးမြှင့်ခဲ့သည်။ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးက ဒုတိယဆုရရှိသော ကော့ကရိတ်မြို့နယ်အမျိုးသမီးဘောလုံးအသင်းအား ငွေသားဆုနှင့် ဆုကလပ်ကို ပေးအပ်ချီးမြှင့်ကာ ပြည်နယ်ဝန်ကြီးချုပ်က အနိုင်ရဗိုလ်စွဲသွားသော ဘားအံမြို့နယ် အမျိုးသမီးဘောလုံးအသင်းအား ငွေသားဆုကျပ် ၁၀ သိန်းနှင့်တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ပြည်နယ်(ပြန်/ဆက်)

## ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် ဇူလိုင် ၁၃

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁၅-၇-၂၀၂၃ ရက် (စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅)၊ အမှတ် (၂၈)တွင် မောင်သီလနှင့် မောင်ဝဏ္ဏတို့ သူငယ်ချင်းနှစ်ယောက်၏ မိတ်ဆွေကောင်းပီသမှုကြောင့် မျောက်ကြီးယူသွားသောငွေထုပ်ကို ပြန်လည်ရရှိလိုက်ပုံအကြောင်း ရေးဖွဲ့ထားသည့် "မိတ်ကောင်းဆွေကောင်း" မျက်နှာဖုံးကာတွန်း၊ မြန်မာတို့၏ သမိုင်းတွင် မေ့မရနိုင်သော အာဇာနည်နေ့ ဖြစ်ပေါ်လာပုံအကြောင်း ကလေးတို့ ဗဟုသုတဖြစ်ဖွယ်တင်ပြထားသည့် "အာဇာနည်နေ့ ပေါ်ပေါက်လာပုံ" သုတဆောင်းပါး၊ ကလေးတို့ကိုယ်တိုင် ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ မေမေက ကျောင်းမုန့်ဖိုးမပေးသည့်အကြောင်းရင်းကို နားလည်သဘောပေါက်သွားသော ပုပုအကြောင်း ရေးဖွဲ့ထားသည့် "ပုပုပါဝင်သည့် မေမေကျွေးတာပဲ စားတော့မယ်" နှစ်မျက်နှာကာတွန်း၊ ရန်သူ၊ မိတ်ဆွေမခြား အနစ်နာခံခြင်း၊ မေတ္တာထားခြင်းသည် နှစ်ဦးနှစ်ဖက်အတွက် ကောင်းကျိုးချမ်းသာများ တိုးပွားစေနိုင်ကြောင်း တင်ဆက်ထားသည့် "မေတ္တာစိတ်" ပုံပြင်ကဏ္ဍ၊ စာအုပ်စာပေများ ဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားစေကြောင်း သရုပ်ဖော်ထားသည့် "အာတူးရဲ့ စာအုပ်စာပေလူ့မိတ်ဆွေ" တစ်မျက်နှာကာတွန်း၊ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန်အတွက် အသက်စွန့်သွားခဲ့ရသည့် အာဇာနည်ခေါင်းဆောင်ကြီးများကို သားတို့သမီးတို့အနေဖြင့် သတိတရရှိရမည်ဖြစ်ကြောင်း ရေးဖွဲ့ထားသည့် ဆရာမောင်ထည်ဝါ (ပျော်ဘွယ်)၏ "၁၉-ဇူလိုင်" ကဗျာကကဏ္ဍ အပါအဝင် ဉာဏ်စမ်းကဏ္ဍနှင့် ရွှေသွေးအင်္ဂလိပ်စကားဝိုင်းကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ သတင်းစဉ်




❍ ကျောဖုံးမှ

အချိန်ပိုပထမပိုင်းပြီးခါနီးတွင် ဗီယက်နမ်အသင်း အနိုင်ဂိုးရခဲ့ပြီး ယင်းဂိုးကို ပွဲပြီးသည်အထိ ထိန်းကစားခဲ့သည်။

တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ဇူလိုင် ၁၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး တတိယနေရာလုပွဲအဖြစ် မြန်မာနှင့် အိမ်ရှင်အင်ဒိုနီးရှား၊ ဗိုလ်လုပွဲအဖြစ် ထိုင်းနှင့် ဗီယက်နမ်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF

## ထန်းတပင်မြို့နယ်၌ မိုးစပါးစိုက်တောင်သူများထံ သွင်းအားစုများပေးအပ်

ထန်းတပင် ဇူလိုင် ၁၃

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးမည့် တောင်သူအစုအဖွဲ့များထံသို့ သွင်းအားစုပစ္စည်းများပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရေတွင်းကုန်းကျေးရွာတွင် ကျင်းပသည်။

အခမ်းအနားတွင် တာဝန်ရှိသူများနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အကျိုးတူလယ်ယာစနစ်ဖြင့် ဆောင်ရွက်ကြသည့် တောင်သူများစာချုပ်ချုပ်ဆိုခဲ့ကြပြီး မိုးစပါးစိုက်ဧက ၁၁၁၈ ဧကစိုက်ပျိုးသွားကြမည့် ရေတွင်းကုန်းကျေးရွာမှ တောင်သူ ၂၁ ဦး၊ ရေဖြူကျေးရွာမှ တောင်သူ ၅၅ ဦးနှင့် ဘောလည်ကျေးရွာမှတောင်သူ ခုနစ်ဦး စုစုပေါင်း တောင်သူ ၈၃ ဦးထံသို့ တစ်ဧကငွေကျပ်နှစ်သိန်းနှုန်းနှင့် ညီမျှသည့်သွင်းအားစု ပစ္စည်းများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။



ဇင်မင်းထိုက်(ထန်းတပင်)

## မြစ်ရေကြီးခြင်းသတိပေးချက်

နေပြည်တော် ဇူလိုင် ၁၃

ယနေ့ နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် လေးပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။ သို့ဖြစ်ပါ၍ ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၁၃

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Soe Min Htun" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ဥတ္တာကျေးရွာနေ စိုးမင်းထွန်းကို ညနေ ၆ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ "Zin Ko That" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး မကွေးမြို့ အောင်စေတနာ(င) ရပ်ကွက်နေ ဇင်ကိုသက်ကို ည ၈ နာရီ ၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၊ မြေကွက်အမှတ်-(၃၅၇)ဟုခေါ်တွင်သည့် ဒလမြို့နယ်၊ အံ့ကြီးအရှေ့ရပ်ကွက်၊ ကနောင်လမ်းမကြီး၊ အမှတ်(၃၅၇)၊ အကျယ်အဝန်း(၄၀x၆၀)ပေ၊ ပါမစ်မြေကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြမြေယာဌာနတွင် ဦးတင်မောင်ဇော်(Q/RGN-009942)မှ အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ စာချုပ်အဆက်စပ်များဖြင့် လက်ဝယ်ပိုင်ဆိုင်ပြီး အရှုပ်အရှင်း ကင်းရှင်းကြောင်းနှင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးကျော်ကျော်နိုင် [၁၂/လသန(နိုင်)၀၁၃၂၂၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်အောင် [၉/မရမ(နိုင်)၀၀၃၀၈၁]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲစုထွေး ( LL.B, D.B.L, D.M.L, D.I.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၁၇၃)**
**အမှတ်-၆၂(ပထမထပ်)၊ အခန်းအမှတ်-၉၊ ပန်းဆိုးတန်းလမ်းနှင့်ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၁၀၂၀၄၁၅၊ ၀၉-၆၇၂၄၄၄၆၅၆**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၆၆ ၊ ပြည်တော်သာလမ်း၊ မြေကွက်အမှတ်- C-၁၄ ၊ အင်းဝအိမ်ရာ (TOSTA)၊ အကျယ်အဝန်း (၇၄ × ၆၇)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်ကို ဒေါ်မြင့်မြင့်အေး (၉/မနမ(နိုင်)၀၆၈၅၅၂)ထံမှ ဦးထက်အောင်ကို (၁၂/မရက(နိုင်) ၁၄၆၇၅၃)မှ အပြီးအပိုင်ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်ကို ကျွန်ုပ်၏မိတ်ဆွေ ဦးထက်အောင်ကို မသိရှိဘဲ မည်သူတစ်ဦးတစ်ယောက်မှ ပေါင်နှံ ၊ ပေးကမ်းလွှဲပြောင်းရောင်းချခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေအရအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဦးမြတ်ထွန်း (B.Sc, R.L)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၃၆၉၀)
အမှတ်-၅၅၊ ၁၄-လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း၊ ၀၉- ၉၇၄၀၀၀၁၉၃၊ ၀၉- ၄၅၄၅၄၅၂၂၁

## ကန့်ကွက်နိုင်ကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဝါယာလက်(၂)လမ်း၊ (၉)ရပ်ကွက်၊ တိုက်အမှတ်(၆၅/K)၊ အခန်းအမှတ်(4-C) တတိယထပ်၊ (၄)လွှာ၊ (၁၂၂၅)စတုရန်းပေခန့် အကျယ်အဝန်းရှိCondoတိုက်ခန်းနှင့်ယင်းတိုက်ခန်း၏ ရေ၊ မီး အပြည့်အစုံပါ၊ လူနေထိုင်သုံးစွဲခွင့်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်ထား၍ ရောင်းပိုင်ခွင့်ရှိသည်ဟုဆိုသော ဦးမင်းအောင်[၁၄/ဖပန(နိုင်)၀၀၈၈၂၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီအရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကုမုဒြာ(LL.B,D.B.L,D.I.L,IDCS)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၈၉၉)**
**ဖုန်း-၀၉-၄၂၀၀၉၉၆၅၆**

ဒဂုံမြို့သစ်တောင်ပိုင်း၊
မြောက်ပိုင်း၊ အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်များရှိ
မြေကွက်များ ဝယ်လိုသည်
ပိုင်ရှင်ကိုယ်တိုင်
ဆက်သွယ်ပါ။
09260664480
09260664490

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ (၂၉)လမ်းနှင့် လမ်း(၃၀) ကြား၊ အမှတ်-၃၇၇/၃၈၃ ဟုခေါ်တွင်သည့် (၈)ခန်းတွဲ(Penthouse) (၁၂)ထပ်တိုက်အဆောက်အဦးမှ (၉)ထပ်၊ အခန်းအမှတ်-(E)၊ ဧရိယာ(၁၅ပေx၅၀ပေ) အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ရေ/မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆိုင်အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ မိမိလက်ဝယ်ထားပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စပါယ်ဝင်း [၁၄/ဘကလ(နိုင်)၂၅၉၂၅၉]က ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန်စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှဲ့လှဲ့ဝင်း (LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၃၂)**
**အမှတ်-၁၀၈/၁၁၀၊ ၃၈-လမ်း (အောက်)၊ ၆-ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း - ၀၉-၇၉၉၅၉၅၅၀၅၊ ၀၉-၄၀၁၅၄၆၂၄၀**

မိဘမေတ္တာ
ဒဂုံမြို့သစ်ဆိပ်ကမ်း အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း
ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ
ဈေးကောင်းပေး၀ယ်လိုသည်။
09 422 848 224

သင့်
သွေးဖြင့်
အသက်
ကယ်ပါ

## ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဈ)၊ မြေကွက်အမှတ်(၉၆၈)၊ ဧရိယာ(၁၉၅၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန် မြေကွက်အား အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါသောကြောင့် အများသိရှိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးမင်းဟိန်းကျော်[၇/အဖန(နိုင်)၀၉၃၀၆၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာပါသည် -

အထက်ဖော်ပြပါ မြေကွက်အား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်မြရည်ဝင်း[၁၂/မဂတ(နိုင်)၀၈၈၂၅၁] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးမင်းဟိန်းကျော်သည် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးအပ်ထားရှိပြီးဖြစ်ပါသည်။

အဆိုပါမြေအရောင်းအဝယ်ကိစ္စအားကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံ ဤကြေညာချက်ပါရှိသည့် ရက်နေ့မှ (၇) ရက်အတွင်း အထောက်အထားစာရွက်စာတမ်း(မူရင်း)များနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် အသိပေးကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးကြည်လင်းထွဋ် | ဦးသန်းစိုးထွန်း | ဒေါ်နီလာခိုင် |
|---|---|---|
| LL.B, D.B.L, D.M.L,D.I.L | LL.B, D.B.L, WIPO, D.L.P (Swit) | LL.B,D.B.L,WIPO,D.L.P(Swit) |
| (စဉ်-၁၂၂၀၂/၁၇) | (စဉ်- ၈၁၇၀/၁၂) | (စဉ်-၁၂၄၃၈/၁၇) |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်- ၆၂(ပထမထပ်)၊ အခန်း(၁၇)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-5173968**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

"နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ပေါင်းလောင်း(၂)ရပ်ကွက်၊ (၁၅)လမ်းရှိ မြေကွက်အမှတ်(၁၄၆၆)၊ အကျယ်အဝန်း(၄၀x၆၀)ပေ၊ မြေဧရိယာ(၀.၀၅၅)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်နှင့်သက်ဆိုင်သည့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်ထွန်း (ဘ)ဦးချစ်ပို [၉/ပမန(နိုင်)၀၁၃၃၁၇]မှ ရောင်းချခဲ့ပြီး ဆက်စပ်စာချုပ်များဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်ထားသည်ဟု ဆိုလာသူ ဦးကျော်စိုးလင်း(ဘ) ဦးကြည်မောင်[၁၂/လမန(နိုင်)၁၃၄၆၇၀]က ၎င်းလက်ဝယ်ရှိ တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်သန္တာထွန်း[၇/ရတန(နိုင်)၀၈၃၃၆၆]မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါမြေကွက်နှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို စာချုပ်စာတမ်းစာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၂)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| ဒေါ်ခင်သန္တာထွန်း [၇/ရတန(နိုင်)၀၈၃၃၆၆] | ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ<br>ဒေါ်မြမာလာ (ဥပဒေဘွဲ့)<br>အထက်တန်းရှေ့နေ(စဉ်-၅၃၉၉၄)<br>(၂၀-၁၁-၂၀၂၀)<br>ပ-၃၂၃၇၃၊ ငုရွှေဝါလမ်း၊ ဝဏ္ဏဒီပရပ်ကွက်၊<br>ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။<br>ဖုန်း-၀၉-၄၀၀၄၂၉၅၉၇၊ ၀၉-၆၉၃၀၀၉၅၈၆ |
|---|---|

## ဖခင်အမည်မှန်

သထုံမြို့နယ်၊ အထက(၂) ကျောင်း၊ Grade-8 မှ မောင်ဇင်မင်းထက်၏ ဖခင်အမည်မှန်မှာ ဦးမင်းထွေး(TTN-၂၃၈၁၅၂) ဖြစ်ပါကြောင်း။

**ဦးမင်းထွေး**
**(TTN-၂၃၈၁၅၂)**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၄-၂၀၂၂ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာ(၂၅)ပါကန့်ကွက်နိုင်ကြောင်းကြော်ငြာ၌တာမွေမြို့နယ်၊GPဦးထွန်းအောင်ကျော်၏ပိုင်ဆိုင်ကြောင်းမြေပုံကူးတွင် နှစ်(၆၀)ဂရန်မြေအားအစားနှစ်(၉၀)ဂရန်မြေဟုအမှန်ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ သဇင်ပန်းလမ်း၊ အမှတ်(၄၇)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၅)ထပ်တိုက်၏ မြေညီထပ်(အေ)ဟု ခေါ်တွင်သော အခန်းအား ဆက်စပ်စာချုပ်များဖြင့် လက်ရှိထားပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း၊ တရားဝင်ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ပွင့်ဖြူ [၁၂/သဃက(နိုင်)၁၈၅၁၁၈]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့် စာရွက်စာတမ်း(မူရင်း)များနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်သက်(LL.B)(စဉ်-၉၂၇၈)     ဒေါ်ဆွေဇင်မိုး(LL.B )(စဉ်-၉၃၀၀ )**
**တရားလွှတ်တော်ရှေ့နေများ**
**တိုက်-၉/၁၁၊ ပထမထပ်၊ အခန်း(၁၀၃-H)၊ ၃၆ လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၀၅၁၀၄၃၊ ၀၉-၂၅၄၈၉၀၇၉**

## အများသိစေရန်ကြေညာချက်

